ဒါနဉ္စ ဓတံ မင်္ဂလ မုတ္တမံ၊ ပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၄)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏လိုလားမှုကိုရှေ့တန်းတင်၍ စာပေများကို လိုသလိုဆွဲပြီးရေးတတ်ကြသည်။ ၎င်းမှာယင်းတို့၏ပြုမူနေကျ ဓလေ့တစ်ခုဖြစ်ရာ နယ်ချဲ့တို့၏အလိုကို နားမယောင်မိစေရန်၊ မလိုက်ပါမိစေရန် တိုင်းရင်းသားညီအစ်ကိုများ အထူးသတိချပ်သင့်ပေသည်။"

ချစ်စံဝင်း၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး **"ကိုလိုနီသမိုင်းဆရာတို့ မြန်မာ့သမိုင်းကို လီဆယ်ရေးသားမှုများ"**ကို စာမျက်နှာ (၈၊၉)၊ ဖိုးဝ၏ **"သီးစုံဟင်းပမာ"**ကဗျာနှင့် မင်းဦးဒသနုန၏ကာတွန်းကို စာမျက်နှာ(၃)တွင် ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**



စည်းလုံးညီညွတ်မှုကိုဖော်ထုတ်ပြသနိုင်ခဲ့၍ လွတ်လပ်သောပြည်ထောင်စုနိုင်ငံအဖြစ်ပြန်လည်ရရှိခဲ့

'အရေးကြီးလျှင် သွေးနီးသည်' ဟူသော ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံတရားနှင့်အညီ နယ်ချဲ့ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ဖြစ်ပေါ်ခဲ့သော သံသယစိတ်များကိုတိုင်းရင်းသားညီအစ်ကိုမောင်နှမများကဆွေးနွေးကြောသန့်စင်ကာနယ်ချဲ့အစိုးရအား ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ကြရင်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံ၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာထုတ်ဖော်ပြသနိုင်ခဲ့ကြ၍ မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာ အာဏာပိုင်စိုးသည့် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံအဖြစ်ကို ပြန်လည်ရရှိခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုနောက်ကျစေသောသမိုင်းဆိုးမွေများမြန်မာ့မြေပေါ်ကအပြီးပျောက်သွားစေရေး
အနှောင့်အယှက်အဟန့်အတားများကြားကအမျိုးသားရေးတည်ဆောက်မှုများတစ်မျိုးသားလုံးအားထုတ်ကြိုးပမ်းနေ
အမျိုးသားကာကွယ်ရေးစွမ်းအားမြင့်မားရေးနှင့်စည်းလုံးညီညွတ်မှုခိုင်မာရေးပညာရေးကဏ္ဍကတည်ဆောက်ပေးရမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းအခမ်းအနားသို့ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊မန္တလေးမြို့တော်ဝန်၊တရားရုံးချုပ်(မန္တလေး)၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်း အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ်ဆရာဆရာမများအတွက် နိုင်ငံတော်အစိုးရက အထူးအလေးထားစီစဉ်ဖွင့်လှစ်ပေးခဲ့သည့် အထူးမွမ်းမံသင်တန်းတစ်ရပ်အောင်မြင်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း။

ယုံကြည်ထား

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများသည် အသိပညာ ဉာဏ်စွမ်းအားမြင့်မားသော ပညာရှင်များ ဖြစ်ကြသည့်အားလျော်စွာ ထဲထဲဝင်ဝင်၊ နက်နက်ရှိုင်းရှိုင်းစူးစမ်းလေ့လာတတ်သောအလေ့အကျင့်၊ မှန်ကန်စွာတွေးခေါ်မြော်မြင် သုံးသပ်နိုင်သည့် စွမ်းအား၊ အရင်းအမြစ်အနှစ်သာရကို ထိုးထွင်းသိမြင်ဆင်ခြင်နိုင်သည့် စွမ်းရည်တို့နှင့်ပြည့်ဝကြပြီး ဖြစ်သည့်အတွက်

စာမျက်နှာ ၃ ကော်လံ ၁ ❑

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်းအခမ်းအနားတွင် သင်တန်းသူစံပြဆုရရှိသော သင်တန်းသူအမှတ် ဘီ(၈) မန္တလေးတက္ကသိုလ်ဥပဒေပညာဌာနမှ နည်းပြဒေါ်စန္ဒာအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

နိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးကြိုးပမ်း ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာသည့် ပညာရှင်များပေါ်ထွန်းရေးစွမ်းဆောင်

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် နိုင်ငံအချို့သည် နိုင်ငံရေးရည်မှန်းချက်နှင့် အကြောင်းအမျိုးမျိုးပြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက် ဖိအားပေးနေသည့်သာဓကများ အများအပြားတွေ့မြင်နေရသည်။ အချို့သောနေရာဒေသများတွင် ပြင်ပပယောဂများ၊ ပြည်တွင်းမငြိမ်မသက်မှုများ၊ စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ကြိုတင်ပြင်ဆင်မှု အပြည့်အဝမပြုလုပ်ဘဲ အဆောတလျင် ပြောင်းလဲမှုများကြောင့် နိုင်ငံများ ပျက်လုနီးပါးဖြစ်ပြီး မင်းမဲ့စရိုက်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်ကို ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။

ယင်းသို့ အခြေအနေ အချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွား မထိခိုက်စေရေးနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကအားထားရမည့် အရည်အသွေး ပြည့်ဝ ထက်မြက်သော အမျိုးသားရေးစွမ်းအားစုများကို အခိုင်အမာတည်ဆောက်ထားနိုင်ရန် အထူးလိုအပ်လျက်ရှိသည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ၃၀ရက်နေ့ နံနက်ပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

“အထူးသဖြင့် ပညာရေးသည် နိုင်ငံတော်၏ အခြေခံအကျဆုံးသော၊ အခိုင်မာဆုံးသော စွမ်းအားဖြစ်နေသည့် ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအတွက် ပဓာနအကျဆုံး လိုအပ်ချက်များဖြစ်သည့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ ခေတ်မီ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းရေး၊ ထူးချွန်ထက်မြက်ပြီး အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားပေါ်ထွန်းရေး၊ အမျိုးသားကာကွယ်ရေး စွမ်းအားမြင့်မားရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး ဆိုသည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများကို ပညာရေးကဏ္ဍကနေ ဖော်ဆောင် တည်ဆောက်ပေးကြရမှာ ဖြစ်ကြောင်း”

ပြောကြားသွားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့၏လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကို တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မိမိနိုင်ငံအတွင်း အမျိုးသားရေးစွမ်းအားကို အခိုင်အမာတည်ဆောက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာမျက်နှာစာတွင်လည်း တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာရေး၊ စည်ပင်ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အစဉ်တစိုက် တည့်မတ်ခိုင်မာစွာ ကျင့်သုံးဆောင်ရွက်လာခဲ့သည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒနှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြုသဘော ပူးပေါင်းဆောင်ရွက်နေသည်။ ယခုအခါ မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်းနိုင်ငံများ၊ ဒေသတွင်းရှိ နိုင်ငံများ၏ ဆက်ဆံရေးမှာ များစွာတိုးတက် ကောင်းမွန်လျက်ရှိနေပြီ ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ တိကျပြတ်သားသည့် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့ကြီး၊ အာဆီယံအသင်းကြီးနှင့်တကွ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများက ထောက်ခံအားပေး ကြိုဆိုလျက်ရှိသည့်နည်းတူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း စတင်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကလည်း ကြိုဆိုထောက်ခံ ပူးပေါင်းဆောင်ရွက်လျက် ရှိကြသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာသန်စွမ်းကြံ့ခိုင်မှု၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝခိုင်မာမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစသော ကောင်းမြတ်သည့် အခြေခံများက ပေါက်ဖွားလာသည့် အမျိုးသားနိုင်ငံတော်ကြီးသည်သာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည့်အတွက် ယင်းအခြေခံကောင်းများ ပီပီပြင်ပြင်ပေါ်ထွန်းလာစေရန် ပညာရေးပိုင်းဆိုင်ရာ ဆရာ ဆရာမများအားလုံးက ညီညီညွတ်ညွတ်ကြိုးပမ်းသွားကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး စွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၉) မူလတန်းလွန်ကျောင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြသိန်းကသူငယ်တန်းဘက်စုံ ထူးချွန်ဆုရ မောင်သန့်စင်ကိုအား ဂုဏ်ပြုဆု ပေးအပ်စဉ်။ (က–ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဂုဏ်ထူးဆောင် ဘွဲ့ရရှိသူ ဝန်ထမ်းတစ်ဦးအား ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်စဉ်။ (သမဝါယမ)

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရ သမဝါယမဝန်ထမ်းများအား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဘွဲ့တံဆိပ်များချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃၁

၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသော သမဝါယမဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ ဘွဲ့တံဆိပ်များချီးမြှင့်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက သမဝါယမဝန်ကြီးဌာနမှ လူမှုထူးချွန် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဒုတိယဆင့်ရရှိသူတစ်ဦးနှင့် တတိယဆင့်ရရှိသူ ငါးဦး၏ အမည်စာရင်းကို ဖတ်ကြားပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူ ဝန်ထမ်းခြောက်ဦးအား လူမှုထူးချွန် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သင်တန်းဆင်း အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❑ **ရှေ့ဖုံးမှ**

သင်တန်းကာလတစ်လျှောက်မှာ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို ပြက်ပြက်ထင်ထင်ဆင်ခြင် သိမြင်လာသည်နှင့်အမျှမိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားစောင့်ရှောက် မြှင့်တင်ပေးနိုင်သည့် ပုဂ္ဂိုလ်များဖြစ်သည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း၊ အမျိုးသားရေးအသိစိတ်ဓာတ်နှင့်တကွ အမျိုးသားရေးသန္နိဋ္ဌာန်၊ အမျိုးသားရေးအားမာန်တို့သည် ဆရာဆရာမတို့၏ သတိသမ္ပဇဉ်တရားမှာသာမက ရင်ထဲနှလုံးသားထဲသို့တိုင် စွဲမြဲစွာခံစားသိမြင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက်အခက်အခဲအကျပ်အတည်းမျိုးစုံကို ရင်ဆိုင်ကျော်လွှားရင်း ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေရသည့် အချိန်အခါဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျကျန်နေစေခဲ့သည့် သမိုင်း၏ ဆိုးမွေ ဒဏ်ရာဒဏ်ချက်များ၊ အနိဋ္ဌာရုံဖြစ်ရပ်များ မြန်မာ့မြေပေါ်က အပြီးတိုင်ပပျောက်သွားစေရန်နှင့် ဤသမိုင်း၏ဆိုးမွေများ၊ အနိဋ္ဌာရုံဖြစ်ရပ်များ အနာဂတ်ကာလမှာ ပြန်လည်ပေါ်ပေါက်မလာစေရအောင် အာမခံနိုင်မည့် တည်ငြိမ်ခိုင်မာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ အခြေခိုင်ခံ့စွာဖြစ်တည်ပေါ်ထွန်းလာစေရန်အတွက် အနှောင့်အယှက် အဟန့်အတားများစွာ၏ကြားက တစ်မျိုးသားလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြချိန်လည်း ဖြစ်ကြောင်း။

မကုန်မခန်းနိုင်

ပြည်ထောင်စုကြီး မပြိုမကွဲတည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားဖြစ်ထွန်းခိုင်မာစေမည့် စိတ်ဓာတ်ရေးရာအခြေခံများ၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးအတွက် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ပြီး နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားစေရေးအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံများစသည့် အမျိုးသားရေးစွမ်းအား တည်ဆောက်မှုအစီအမံများသည် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်နေသော်ငြားလည်း ပြီးပြည့်စုံသည် မရှိသေးဘဲ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ဖွယ်ရာ မကုန်နိုင်မခန်းနိုင်အောင် ရှိနေဆဲပဲဖြစ်ကြောင်း။

ယနေ့နိုင်ငံတကာအခြေအနေကို ကြည့်လျှင်လည်း နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည့်အခြေအနေကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

အထူးလိုအပ်

ထိုသို့ အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွား မထိခိုက်စေရေးနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးတို့အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကအားထားရမည့် အရည်အသွေး ပြည့်ဝထက်မြက်သော အမျိုးသားရေးစွမ်းအားစုများကို အခိုင်အမာတည်ဆောက်ထားရန် အထူးလိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း။

အထူးသဖြင့် ပညာရေးသည် နိုင်ငံတော်၏ အခြေခံအကျဆုံးသော၊ အခိုင်အမာဆုံးသော စွမ်းအားဖြစ်နေသည့် ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအတွက် ပဓာနအကျဆုံး လိုအပ်ချက်တွေဖြစ်သည့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံမှာ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းရေး၊ ထူးချွန်ထက်မြက်ပြီး အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားပေါ်ထွန်းရေး၊ အမျိုးသားကာကွယ်ရေး စွမ်းအားမြင့်မားရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးဆိုသည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို ပညာရေးကဏ္ဍကနေ ဖော်ဆောင်တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း။

လက်တွေ့ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနှင့် မိမိတို့၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကို တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မိမိနိုင်ငံအတွင်း အမျိုးသားရေးစွမ်းအားကို အခိုင်အမာတည်ဆောက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာမျက်နှာစာမှာလည်း တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာရေး၊ စည်ပင်ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသများကို ဆက်သွယ်ပေးသည့် အချက်အချာဒေသဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာနိုင်သည်နှင့်အမျှ မိမိနိုင်ငံအတွက်ရော၊ ဒေသတွင်းနိုင်ငံများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ချမှတ်ဆောင်ရွက်ခဲ့

အာဆီယံအသင်းကြီးသည် ခရစ်နှစ် ၂၀၂၀ မှာ ပေါ်ထွန်းလာမည့် အနာဂတ်အာဆီယံအသင်းကြီးအတွက် မျှော်မှန်းချက်ဖြစ်သည့် ASEAN Vision 2020 ကို ၁၉၉၇ ခုနှစ်မှာချမှတ်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှာ ထိုမျှော်မှန်းချက်အကောင်အထည်ဖော်ရေးအတွက် ဟနွိုင်းရှေ့လုပ်ငန်းစဉ်စီမံချက် Hanoi Plan of Action ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

အာဆီယံအသင်းကြီးအနေနှင့် စီးပွားရေးပေါင်းစည်းမှုကို ရည်မှန်းခဲ့သည့်အတွက် အဓိကလုပ်ငန်းများအနေနှင့် အာဆီယံလွတ်လပ်စွာကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area) တည်ထောင်ရေး၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ [ASEAN Investment Area (AIA)] ထူထောင်ရေးတို့အပြင် အာဆီယံနိုင်ငံများအကြား ဘဏ္ဍာရေးလုပ်ငန်းစဉ်များ ဆီလျော်ညီညွတ်စေရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းပပျောက်စေရန်၊ IT နည်းပညာ အသုံးပြုရေးအပါအဝင် နည်းပညာကွာဟချက် ကျဉ်းမြောင်းပပျောက်စေရန် ညှိနှိုင်းပေါင်းစပ်ထိန်းညှိဆောင်ရွက်သွားဖွယ်ရာများ များစွာရှိနေသေးကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပေါင်းစပ်ယှဉ်တွဲမြှင့်တင်သွားရမည့် အစီအမံများလည်း များစွာရှိကြောင်း။

ယခု ထပ်မံပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာလက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံအဖွဲ့ကြီး၏ ရေရှည်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များဖြစ်သည့် Bali Concord II ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို Bali Concord II သည် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုသည့် အဓိကမဏ္ဍိုင် (Pillars) သုံးရပ်အပေါ်တွင်အခြေခံပြီး အာဆီယံအသင်းကြီး၏ အနာဂတ်အတွက် မျှော်မှန်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

အောင်မြင်စွာကျင်းပနိုင်

ထို့အပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ထိုင်း လေးနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာချမှတ်ရေးအတွက် ထိပ်သီးညီလာခံတစ်ရပ်ကို နိုဝင်ဘာလက ပုဂံမြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ အာဆီယံမိသားစုဝင် နိုင်ငံအချင်းချင်းသာမက အာဆီယံ(+)၃ ခေါ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့်လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အာဆီယံ+အိန္ဒိယဆိုပြီး ထပ်မံတိုးချဲ့ဆက်ဆံမှုများလည်း ကဏ္ဍသစ်ဖွင့်လှစ်လာသည်ကို တွေ့ရကြောင်း။

အလေးထားကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင်နိုင်ငံဖြစ်သကဲ့သို့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် ဘင်းမ်စတက်အဖွဲ့မှာလည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ဘင်းမ်စတက်ဒေသနှင့်

စာမျက်နှာ ၄ ကော်လံ ၁



(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

သီးစုံဟင်းပမာ

* သီးမျိုးစုံ ရောမွှေလျက်
ကျိုချက်လို့ ပြီးတဲ့အခါ
နံ့နံ့ပင် အုပ်ကာပေး
ဟင်းမွှေး မဆလာ။

* ဟင်းအနံ့
သင်းပျံ့လို့ ထွက်ပေါ်လာ
စားချင်လာ စိတ်တွင်း
စားကြည့်တဲ့ အခါ
ခံတွင်းချိုမြိန်စွာဖြင့်
အရသာ ပြိုင်ဘက်ကင်း
မြန်မာ့ ဒီဟင်း။

* မြန်မာ့ဟင်း သီးမျိုးစုံ
ဒီပုံနှယ် မြင်ရှု
တိုင်းရင်းသား
ရိုင်းပင်းအား ပီပြင်စွာဖြင့်
ညီညီညာ တည်ထောင်ပြု
တို့ ပြည်ထောင်စု။ ။

မိုးဇ

[(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုရေးဖွဲ့ပါသည်။]

စာမျက်နှာ ၃ မှ

အာဆီယံဒေသတို့၏ ဆက်စပ်ရာ အချက်အချာဒေသမှာရှိနေသည့် မြန်မာနိုင်ငံကို ဖြတ်သန်းပြီး အဖွဲ့အစည်းနှစ်ခုအကြား လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အာဆီယံမိသားစုဝင် နိုင်ငံအနေနှင့်သော်လည်းကောင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအနေနှင့်သော်လည်းကောင်း၊အာဆီယံအသင်းကြီး၏ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံအနေနှင့်ဆောင်ရွက်ဖွယ်ရာများဆောင်ရွက်ရေး၊ ပုဂံထိပ်သီးလေးနိုင်ငံ ဆွေးနွေးချက်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ဘင်းမ်စတက်အဖွဲ့၏ ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်နိုင်ရေးအတွက်သော်လည်းကောင်း မြန်မာနိုင်ငံက ပါဝင်အကောင်အထည်ဖော်နိုင်အောင် ကဏ္ဍအလိုက် တာဝန်ရှိသူ အသီးသီးနှင့်အတူ ဆရာ ဆရာမများပိုင်းကလည်း မိမိတို့ကျရာတာဝန်ပိုင်းကနေ ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထိုသို့နိုင်ငံတကာ့အလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် တင့်တယ်ဝင့်ကြွားစွာ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရေးအတွက် ရေရှည်အာမခံနိုင်မည့် အခြေခံကောင်းများ တည်ဆောက်နိုင်စေရန် နိုင်ငံတော်ရှေ့ဆက်ချီတက် လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို နိုင်ငံတကာသို့ အတိအလင်းကြေညာခဲ့ပြီးလည်း ဖြစ်ကြောင်း။

အဓိကလိုအပ်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင် ဖြစ်ထွန်းရေးအတွက် ဆင့်ကဲဆင့်ကဲ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် တစ်မျိုးသားလုံး၏ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများ၊ နိုင်ငံတကာ၏အားပေးထောက်ခံကူညီမှုများသည် မရှိမဖြစ် အဓိက လိုအပ်ချက်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများအပိုင်းကလည်း တစ်မျိုးသားလုံး၏ ရည်မှန်းချက် ပန်းတိုင်ဆီသို့ ချောမွေ့စွာလျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်အကောင်အထည် ပေါ်လာစေရအောင် မိမိတို့ကျရာ အခန်းကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

ညီညီညွတ်ညွတ် ကြိုးပမ်းစွမ်းဆောင်

နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ ကျန်းမာသန်စွမ်းကြံ့ခိုင်မှု၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ အမျိုးသားစီးပွားရေး ဘဝတောင့်တင်းခိုင်မာမှု၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝခိုင်မာမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစသည့် ကောင်းမြတ်သည့် အခြေခံများက ပေါက်ဖွားလာသည့် အမျိုးသားနိုင်ငံတော်ကြီးသည်သာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့တည်တံ့ ခိုင်မြဲနိုင်မှာဖြစ်သည့်အတွက် ထိုအခြေခံကောင်းများ ပီပီပြင်ပြင် ပေါ်ထွန်းလာစေရအောင် တက္ကသိုလ် ဆရာ ဆရာမများအားလုံးက ညီညီညွတ်ညွတ် ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်ပြောကြားလိုသည်မှာ-

- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက် ကာကွယ်နိုင်မည့်မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အာဆီယံမိသားစုဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒေသတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးတိုးတက်ခိုင်မာတောင့်တင်းရေး၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သမိုင်းအစဉ်အလာကြီးမားသည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပညာရေးကဏ္ဍက ထမ်းဆောင်ရမည့် တာဝန်များကို ကျေပွန်တက်ကြွစွာ ထမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အောင်လက်မှတ်ပေးအပ်

ထို့နောက် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာဆရာမများအား ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား စံပြဆုကို သင်တန်းသားအမှတ်အီး-၁၅၆ ကျောက်ဆည် နည်းပညာကောလိပ်၊ သတ္တုဗေဒ အင်ဂျင်နီယာဌာနမှလက်ထောက်ကထိက ဦးစည်သူကျော်အားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ အမှတ်ဘီ-၈ မန္တလေးတက္ကသိုလ် ဥပဒေဌာနမှ နည်းပြ ဒေါ်စန္ဒာအောင်အားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသား အမှတ်အီး-၁၀၇ မန္တလေးဆေးတက္ကသိုလ် ခွဲစိတ်ကုပညာဌာနမှ လက်ထောက်ကထိက ဦးရွှေဝင်း၊ သင်တန်းသူအမှတ် စီ-၆၅ မြစ်ကြီးနားတက္ကသိုလ် ရက္ခဗေဒဌာနမှ လက်ထောက်ကထိက ဒေါ်စန္ဒာထွန်းနှင့် သင်တန်းသူ အမှတ် ဒီ-၂၆ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ရင်ရင်သီတို့အားလည်းကောင်း ပေးအပ်လိုက်သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်ညီလာခံအထိမ်းအမှတ်ညစာစားပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃၁

(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာအဖွဲ့အစည်း(World Dental Fedreation-FDI)နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းတို့၏ ပဉ္စမအကြိမ်ပူးတွဲအစည်းအဝေးအထိမ်းအမှတ် ညစာစားပွဲကို ယနေ့ည ၇ နာရီမိနစ် ၂၀ တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ အမျိုးသားကျန်းမာရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာအဖွဲ့အစည်း(FDI)မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးဘမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ညီလာခံ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ည ၇နာရီ မိနစ်၂၀ တွင် ညစာစားပွဲသို့ ရောက်ရှိလာရာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များက ကြိုဆိုကြသည်။

ဆုများပေးအပ်ချီးမြှင့်

ညစာစားပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ပဉ္စမအကြိမ် ပူးတွဲအစည်းအဝေးတွင် စာတမ်းဖတ်ကြားတင်သွင်းသူများအနက် အကြီးတန်း၌ အကောင်းဆုံးစာတမ်းရှင် ဆုရ ဒေါက်တာကိုကိုမော်နှင့်အငယ်တန်း၌ အကောင်းဆုံး စာတမ်းရှင်ဆုရ ဒေါက်တာစိုးနိုင်တို့အား မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးဘမြင့်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။**
- ☆ **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။**
- ☆ **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။**
- ☆ **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။**
- ☆ **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။**

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆောင်စံပြဆုကို အမျိုးသားတပ်ခွဲ(၁) အဆောင်(၆)မှ သင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီးတပ်ခွဲ(၃) အဆောင်(၇)မှ သင်တန်းသူများအားလည်းကောင်း သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်လိုက်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူ တက္ကသိုလ် ကောလိပ်ဆရာဆရာမများက သာသနာရေး၊ ပညာရေးနှင့် လူမှုရေးအလှူငွေ စုစုပေါင်းငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံပြီး သင်တန်းဆင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

အီရတ်လက်နက်ကိစ္စ မိမိအပါအဝင် အမေရိကန်တို့မှားယွင်းခဲ့

အမေရိကန်လက်နက်ရှာဖွေရေးမှူးဟောင်း ဒေးဗစ်ကေးဝန်ခံပြောဆို

ဝါရှင်တန် ဇန်နဝါရီ ၂၉

အီရတ်နိုင်ငံအစိုးရအနေဖြင့် လူအစုအပြုံလိုက်သေစေနိုင်သည့် စွမ်းအားမြင့်လက်နက်များ (ဒဗလျူအမ်ဒီ)ပိုင်ဆိုင်ထားသည်ဆိုသော ယုံကြည်မှုမှားယွင်းကြောင်းဖြင့် အမေရိကန်လက်နက်ရှာဖွေရေးမှူးဟောင်း ဒေးဗစ်ကေးက ပြောကြားလိုက်သည်။

ဇန်နဝါရီ ၃၀ရက်က ဘဂ္ဂဒက်မြို့လမ်းတစ်လမ်းတွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချရေးအတွက် အီရတ်ကို အမေရိကန် ဦးဆောင်သည့်တပ်များ ကျူးကျော်တိုက်ခိုက်ရခြင်း၏အကြောင်းရင်းမှာ အငြင်းပွားဖွယ်ရာဖြစ်သော လူအစုအပြုံလိုက်သေစေတတ်သည့် လက်နက်များ အီရတ်ကပိုင်ဆိုင်ထားသည့် အတွက်ဖြစ်သည်ဟု အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က ဖက်တွယ်ထားစဉ်တွင် အမေရိကန်လက်နက်ရှာဖွေရေးမှူးဟောင်း ဒေးဗစ်ကေးက အထက်ပါအတိုင်းပြောကြား လိုက်ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့လယ် ဟိုတယ်တစ်ခုအတွင်းသို့ အသေခံကား ဗုံးဖောက်ခွဲသဖြင့် ယမန်နေ့က လူသုံးဦးသေဆုံးသွားစဉ်တွင် လက်နက်ရှာဖွေရေးမှူး ဒေးဗစ်ကေးက အမေရိကန်အထက်လွှတ်တော် လက်နက်ကိုင်များကော်မတီတွင် အီရတ်၏လက်နက်ကိစ္စနှင့် စပ်လျဉ်း၍ ထုတ်ဖော်ပြောကြားလိုက်ခြင်းလည်း ဖြစ်သည်။

မိမိတို့အားလုံး မှားယွင်းခဲ့ပြီးပြီဟု မိမိစတင်ပြောကြားလိုကြောင်း၊ ထို့ပြင် ဤအမှားအထဲတွင် မိမိအမှန်တကယ်ပါဝင်ခဲ့ကြောင်းဖြင့် ဒေးဗစ်ကေးက အမေရိကန်လက်နက်ရှာဖွေရေး အဖွဲ့ခေါင်းဆောင်အဖြစ်မှ လွန်ခဲ့သည့်ရက်သတ္တပတ်က နုတ်ထွက်ပြီးနောက် ပထမဆုံးအကြိမ် လူသိရှင်ကြား အမေရိကန်အထက်လွှတ်တော်၏ ကော်မတီတစ်ရပ်ရှေ့မှောက်တွင် ပြောကြားသည်။

(အင်တာနက်)

ကယ်ကွတ်လုံခြုံရေးစခန်းအနီး ဒုံးကျည်ပေါက်ကွဲ အီရတ်တစ်ဦးသေဆုံးပြီး ဆယ်ဦးဒဏ်ရာရ

ကယ်ကွတ် ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ရှိ လုံခြုံရေးကင်းလှည့်စခန်းဝန်းကျင်သို့ ယမန်နေ့နံနက်ပိုင်းက ဒုံးကျည် တစ်စင်းကျရောက်ပေါက်ကွဲခဲ့ရာ လူတစ်ဦး သေဆုံးပြီး ဆယ်ဦးဒဏ်ရာ ရရှိသွားသည်။

အဆိုပါ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် နှစ်နာရီခွဲအကြာ၌ ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြန်သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် လုံခြုံရေးအရာရှိ ရှစ်ဦးနှင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိ သွားသည်။

ဘာကူဘာမြို့တွင် သမ္မတ ဟောင်းဆက်ဒမ်ဟူစိန်ကို ထောက်ခံသူ အများအပြားနေထိုင်ရာ နေရာဖြစ်ပြီး ယခုလအစောပိုင်းက အဆိုပါ ဘာကူဘာ မြို့၌ပင် ရဲစခန်းအဆောက်အအုံအား အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ဆယ်ဦးကျော် ဒဏ်ရာရရှိ ခဲ့သည်။

(အင်အိပ်ချ်ကေ)

အာဖဂန်၌ပေါက်ကွဲမှုဖြစ် ကန်တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံး

ကဘူး ဇန်နဝါရီ ၃၀

အာဖဂန်နစ္စတန် နိုင်ငံတွင် လက်နက်တိုက်အနီးတွင် အလုပ်လုပ်ကိုင်နေစဉ် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးနှင့် စကားပြန်တစ်ဦးတို့လည်း ထိခိုက်ဒဏ်ရာရရှိကြောင်းလည်း အမေရိကန်ဗဟိုဌာနချုပ်က ပြောကြားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

(စီအင်န်အင်န်)

ကမ္ဘာပေါ်တွင် သတင်းစာဆရာများအတွက် မလုံခြုံသောနေရာ အီရတ်နိုင်ငံဖြစ်ဟု နိုင်ငံတကာဆိုင်ရာ သတင်းစာအဖွဲ့ သတိပေး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ပြင်တွင် စီအင်န်အင်န်သတင်းအဖွဲ့သားများလိုက်ပါလာကြသောကားများ ချုံခိုတိုက်ခိုက်ခံရသဖြင့် အဖွဲ့သားနှစ်ဦး သေဆုံးသွားပြီး တစ်ဦးဒဏ်ရာ အနည်းငယ်ရခဲ့သည်။ ထိုအဖြစ်အပျက်နောက်ပိုင်းတွင် နိုင်ငံတကာဆိုင်ရာ သတင်းစာ ဆရာများအဖွဲ့ (အိုင်အက်ဖ်ဂျေ)က အီရတ်နိုင်ငံသည်ကမ္ဘာပေါ်တွင်သတင်းအဖွဲ့သားများအတွက် လုံခြုံမှုမရှိဆုံးသောနေရာဒေသဖြစ်ကြောင်း ထုတ်ဖော်သတိပေးခဲ့သည်။

အန္တရာယ် အများဆုံး

ယခုအခါ အီရတ်စစ်ပွဲကို သတင်းလိုက်နေကြသောသတင်းသမားများအနက် ၂၂ဦးမှာ တာဝန်ထမ်းရင်း သေဆုံးခဲ့ကြရပြီး နှစ်ဦးမှာပျောက်ဆုံးကြောင်းသိရသည်။ ထိုနှစ်ဦးမှာလည်း သေဆုံးပြီဟုယူဆရသည်။ အိုင်အက်ဖ်ဂျေအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ရှိုက်က သတင်းသမားများအားလုံးအတွက် အီရတ်သည် အန္တရာယ်အများဆုံးနေရာအဖြစ် တည်ရှိနေဆဲဖြစ်ပြီး သတိကြီးစွာဖြင့် လုပ်ငန်းလုပ်ကိုင်ကြရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

တိုက်ခိုက်ခံရ

ဇန်နဝါရီ ၂၇ရက်က စီအင်န်အင်န်သတင်းအဖွဲ့သားများသည် အီရတ်တောင်ပိုင်း ဟီလာမြို့တွင် သတင်းလိုက်အပြီး မော်တော်ယာဉ်နှစ်စီးဖြင့် ဘဂ္ဂဒက်သို့ ပြန်လာကြစဉ် လမ်းတွင်အတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ ယာဉ်မောင်း ဆာခါတဗ်နှင့် စကားပြန်ဒူရတ်အီဆာမိုဟာမက်တို့မှာ သေနတ်ဒဏ်ရာများစွာဖြင့် သေဆုံးခဲ့ရပြီး အခြားကားတစ်စီးပေါ်တွင် လိုက်ပါလာသူဓာတ်ပုံဆရာ စကော့မက်ဝိုင်နီမှာ ဦးခေါင်းတွင် ကျည်ဆန် ရှပ်မှန်သွားခဲ့သည်။

တောင်းဆို

အိုင်အက်ဖ်ဂျေနှင့် အာရပ်သတင်းစာဆရာများအသင်း(အက်ဖ်အေဂျေ)တို့မှ ကိုယ်စားလှယ်အဖွဲ့သည် အီရတ်တွင် တစ်ပတ်ကြာလာရောက်လေ့လာ လျက်ရှိသည်။ ထိုအဖွဲ့ကို အိုင်အက်ဖ်ဂျေမှ အထွေထွေအတွင်းရေးမှူး အာဒန်ရှိုက်နှင့် အဖ်အေဂျေမှ ဒုတိယဥက္ကဋ္ဌမာဘွဗ်အလီတို့က ဦးဆောင်သည်။ ၎င်းတို့က ခရီးစဉ်အဆုံးတွင် ညီညွတ်ရေးအတွက် အပြည်ပြည်ဆိုင်ရာမှ လက်တွေ့ကျသော အစီအစဉ်များဖြင့် အကူအညီ ပေးကြရန် တောင်းဆိုလိုက်သည်။ ထို့အပြင် သတင်းသမား ပီသစွာ လုပ်ငန်းဆောင်ရွက်ကြရန်နှင့် လုံခြုံမှုရှိသောအခြေအနေများကိုလည်း ဖန်တီးပေးရန် တောင်းဆိုခဲ့သည်။

(အင်တာနက်)

အီရတ်တို့ခေါင်းဆောင်အီရတ်တို့သာရွေးချယ်ရမည်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

အီရတ်ပြည်သူများအနေဖြင့် ကိုယ့်ခေါင်းဆောင်များကိုကိုယ်တိုင်ရွေးချယ်တင်မြှောက်ရမည်သာဖြစ်ကြောင်း အယာတိုလာအယ်စစ္စတာနီက ပြောကြားလိုက်သည်။ အာမက်ချာလာဘီနှင့် အခြားသော အီရတ်အုပ်ချုပ်ရေးကောင်စီ(အိုင်ဂျီစီ)အဖွဲ့ဝင်များကလည်း သြဇာအာဏာရှိသော အီရတ်အကြီးအကဲ အယာတိုလာ အယ်စစ္စတာနီ၏အဆိုပြုချက်ကို ထောက်ခံကြသည်။

လုံခြုံရေးပြဿနာများကြောင့် ရွေးကောက်ပွဲ ကျင်းပရန် လမ်းမမြင်သေးလျှင် အခြေအနေကိုပုံမှန်ပြန်ဖြစ်ရေးထိန်းသိမ်းရန် အီရတ်တို့က ကြိုးပမ်းသင့်ကြောင်း သို့မှသာရွေးကောက်ပွဲကို အမြန်ဆုံး ကျင်းပနိုင်မှာဖြစ်ကြောင်း ချာလာဘီက ပြောကြားလိုက်သည်။ **(အင်တာနက်)**

ဇန်နဝါရီ ၃၀ရက်က မော်စကိုမြို့အပြင်ဘက်ရှိ စတားစီးတီးအနီး အာကာသနှင့် အလားတူ ဆွဲငင်အားလုံးဝမရှိအောင်ပြုလုပ်ထားသည့်လေ့ကျင့်ရေးလေယာဉ်တစ်စင်းအတွင်း ဟော်လန်နိုင်ငံမှ အာကာသယာဉ်မှူး အင်ဒရီကူအီပါစ် လေ့ကျင့်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ခုနှစ်၌ စင်ကာပူသို့ ပြည်ပခရီးသည် ခြောက်သန်းကျော်လာရောက်ခဲ့

စင်ကာပူ ဇန်နဝါရီ ၃၀

စင်ကာပူနိုင်ငံသည် ယမန်နှစ် ၂၀၀၃ခုနှစ်အတွင်း ပြည်ပခရီးသည် ၆ ဒသမ ၁သန်းရောက်ရှိခဲ့ရာ ယင်းနိုင်ငံသည်ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်နမိုးနီးယား ရောဂါ [ဆား(စ)] ကင်းရှင်းပြီး ဖြစ်ကြောင်း ယင်းနှစ်ဇွန်လအတွင်း ထုတ်ပြန်ခဲ့ ပြီးနောက် ပြည်ပ ခရီးသည်ခြောက် သန်းလာရောက်ရန် မူလရည်မှန်းချက်ထက် ကျော်လွန်ခဲ့ကြောင်း စင်ကာပူ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့(အက်စ်တီဘီ)ကကြာသပတေးနေ့တွင် ပြောကြားသည်။

သို့သော် ၂၀၀၂ခုနှစ်ကပြည်ပခရီးသည် ၇ ဒသမ ၆သန်းရောက်ရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်ပါက ၂၀၀၃ ခုနှစ်တွင် ပြည်ပခရီးသည်လာရောက်မှု ၁၉ ဒသမ ၁ရာခိုင်နှုန်း လျော့နည်းကျဆင်းကြောင်း၊ သို့သော်လုပ်ငန်း ၃၀ ရာခိုင်နှုန်းလျော့နည်းကျဆင်းမည့် မူလခန့်မှန်းချက်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်တာနက် မိုင်ဒွန်းမ်ဗိုင်းရပ်စ်ပိုးများ အီးမေးလ်အသုံးပြုသူများကို ထိခိုက်စေမည်

ဝါရှင်တန် ဇန်နဝါရီ ၃၀

အင်တာနက်ဗိုင်းရပ်ပိုးများထဲတွင် ကူးစက်အမြန်ဆုံး ဗိုင်းရပ်စ်တစ်ခုဖြစ်သော မိုင်ဒွန်းမ်သည် လျင်လျင်မြန်မြန်ဖြင့် ဆက်လက်ပျံ့နှံ့ကာ အီးမေးလ်အသုံးပြုသူများကို ထိခိုက်စေမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။ တစ်ချိန်တည်းမှာပင် ပိုမိုအဖျက်စွမ်းအားမြင့်မားသည့် မိုင်ဒွန်းမ်ဘီဗိုင်းရပ်စ်သည် ယူတာ၌ အခြေစိုက်သော အက်စ်စီအို ကုမ္ပဏီမှ ဆော့ဖ်ဝဲနှင့် မိုက်ကရိုဆော့ဖ်တို့ကို လာမည့် အင်္ဂါနေ့တွင် အပြင်းအထန်ဝင်ရောက်ဖျက်ဆီးရန် ပုံစံထုတ်ထားသော ဗိုင်းရပ်စ်ဖြစ်ကြောင်း သိရသည်။

မိုင်ဒွန်းမ်သည် အစိုးရလေယာဉ်ပေးစာတစ်စောင်ဖြင့် ရိုးရိုးသားသား အီးမေးလ်တစ်စောင်ဟုထင်ရကာ အီးမေးလ်အသုံးပြုသူက မိမိသိရှိသူထံမှ ပေးပို့လာသော အီးမေးလ်ဟုထင်မြင်ပြီး အီးမေးလ်ကို ဖွင့်ဖတ်လိုက်သည်နှင့် တစ်ပြိုင်နက် မိုင်ဒွန်းမ်ဗိုင်းရပ်စ်သည် ကွန်ပျူတာ၏ ဟတ်ဒရိုက်ဖ်ထဲ ဝင်ရောက်လာခြင်းဖြစ်ကြောင်းသိရသည်။

(စီအင်န်အင်န်)

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

စစ်ကြောင့် အီရတ်စီးပွားရေးထိခိုက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ခက်ခဲ

အီရတ်နိုင်ငံမှထွက်ရှိသော ရေနံကို စစ်ပွဲမစတင်မီကာလက ထုတ်လုပ်မှုအတိုင်း ပြန်လည်ထုတ်လုပ်ပြီး ရရှိလာမည့်ဝင်ငွေသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ကုန်ကျမည့် ဒေါ်လာသန်း ၁၀၀၀၀၀ မျှကို ကာမိမည်မဟုတ်ဟုဆိုသည်။ အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံအပေါ်တည်မှီနေရာ ရေနံအဆောက်အအုံများ စစ်အတွင်းပျက်စီးခဲ့သဖြင့် အီရတ်စီးပွားရေးလည်း ပျက်စီးခဲ့ရပေသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရန် နှစ်ပေါင်းများစွာကြာဦးမည်ဖြစ်ကြောင်း အကဲခတ်သူများက သုံးသပ်လျက်ရှိကြသည်။

ယာပုံမှာ ၂၀၀၃ ခုနှစ် ဇွန် ၂၂ ရက် က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင် ၉၀ အကွာရှိ ဟစ်မြို့ အနီး၌ မဟာဗျူဟာ ရေနံပိုက်လိုင်းကြီး ပေါက်ကွဲပြီး မီးလောင်ကျွမ်းနေစဉ်။
(ယင်းရေနံပိုက်လိုင်း မီး လောင် ကျွမ်း သဖြင့် ဘဂ္ဂဒက်မြို့ အယ်လ်ဒိုရာ ရေနံ သန့်စင်စက်ရုံ၏ ရေနံထုတ်လုပ်မှုကို ထိခိုက်စေခဲ့သည်။)
(ဓာတ်ပုံ-အင်တာနက်)

ဝဲပုံမှာ စစ်ပွဲကာလအတွင်း အမေရိကန်တပ်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံအနှံ့ ဗုံးကြဲတိုက်ခိုက်ခဲ့ရာတွင် ၂၀၀၃ခုနှစ် ဇွန် ၁၅ ရက်က ဘဂ္ဂဒက်ရှိ အိုလံပစ် အားကစားအဆောက်အအုံကြီး ဗုံးထိမှန်ကာ ပျက်စီးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စစ်ပွဲကာလအတွင်း အမေရိကန်နှင့်အပေါင်းပါတပ်များ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသော အီရတ်ပြည်သူများက မကျေမနပ်ဖြစ်ကာ ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက်အနီးရှိ အရာဆက်အယ်လ်ဟာင်ဒီတွင် အမေရိကန်တို့အား ဆန္ဒပြနေကြစဉ်။

ယာပုံမှာ ၂၀၀၃ ခုနှစ် ဇွန် ၂၁ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အလုပ်လက်မဲ့ဖြစ်နေကြသည့် အီရတ်ပြည်သူများ အလုပ်အကိုင်များရရှိရေးအတွက် တစ်နေကုန်တန်းစီစောင့်ဆိုင်းနေကြစဉ်။
(အီရတ်နိုင်ငံတွင်အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးကျော်ရောက်ရှိကတည်းက အီရတ်ပြည်သူများအတွက် အလုပ်များ မပေးနိုင်ကြဘဲ အမေရိကန်တို့က မသိကျိုးကျွန်ပြုကာ လျစ်လျူရှုလျက်ရှိနေကြ၍ အီရတ်ပြည်သူ အများစုမှာ စားဝတ်နေရေး ဒုက္ခရောက်လျက်ရှိနေကြသည်။)
(ဓာတ်ပုံ-အင်တာနက်)

ပြိုကျ ပျက်စီး

၂၀၀၃ ခုနှစ် ဇူလိုင် ၁ ရက်က ဘဂ္ဂဒက်အနောက်ဘက် ၃၁မိုင်ရှိ ဖော်လူဂျာမြို့တွင် အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် ပြိုကျပျက်စီးခဲ့ရသော အဆောက်အအုံများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုကြောင့် အီရတ်နိုင်ငံတွင် ပျက်စီးဆုံးရှုံးခဲ့ရခြင်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းကုန်ကျစရိတ်များ
(ကုလသမဂ္ဂကတာဝန်ယူမည့်လုပ်ငန်းများ ၂၀၀၇ ခုနှစ်အထိ)

ဒေသန္တရအစိုးရနှင့် အရပ်ဘက်ဆိုင်ရာလုပ်ငန်းများ	ဒေါ်လာ ၃၁၃ သန်း
ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်	ဒေါ်လာ ၇၁၉၀ သန်း
အခြေခံအဆောက်အအုံ	ဒေါ်လာ ၂၄၂၀၄ သန်း
စိုက်ပျိုးရေး၊ ရေအရင်းအမြစ်	ဒေါ်လာ ၃၀၂၇ သန်း
အခြား	ဒေါ်လာ ၈၅၅ သန်း
စုစုပေါင်း	**ဒေါ်လာ ၃၅၅၈၉ သန်း**

ကုလသမဂ္ဂက တာဝန်မယူသောလုပ်ငန်းများအတွက်
(အမေရိကန်နှင့် ညွန့်ပေါင်းအုပ်ချုပ်ရေးအဖွဲ့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကုန်ကျစရိတ်ခန့်မှန်းချက်-၂၀၀၇ ခုနှစ်အထိ)

လုံခြုံရေးနှင့် ရဲတပ်ဖွဲ့	ဒေါ်လာ ၅၀၀၀ သန်း
ရေနံ	ဒေါ်လာ ၈၀၀၀ သန်း
ယဉ်ကျေးမှု၊ သာသနာရေး	ဒေါ်လာ ၁၅၄၀ သန်း
အခြား	ဒေါ်လာ ၄၉၀၀ သန်း
စုစုပေါင်း	**ဒေါ်လာ ၁၉၄၄၀ သန်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
ဆည်တမံ	-	၂
ကုန်းမြင့်လယ်ယာကေ	-	၄၃၈၈
လမ်းပန်းဆက်သွယ်ရေး		
ကတ္တရာလမ်းမိုင်	-	၁၁၃
ကျောက်ခင်းလမ်းမိုင်	-	၆၉၅
မြေသားလမ်းမိုင်	-	၈၉၂
တံတားများ(ပေ ၁၈၀ အထက်)	၁၂	၁၉
(ပေ ၁၈၀ အောက်)	၂၄	၃၇၇
ဆက်သွယ်ရေးကဏ္ဍ		
စာတိုက်	၃၇	၅၅
တယ်လီဖုန်းအိတ်ချိန်း	၉	၄၀
ကြေးနန်းရုံး	၁၃	၃၂
ဂြိုဟ်တုစခန်း	-	၃
မိုက္ကရိုဝေ့ဗ်စခန်း	-	၁၅
လျှပ်စစ်ဓာတ်အား		
ရေအားလျှပ်စစ်	၂	၁၃
ဒီဇယ်လျှပ်စစ်	၁၃	၃၄



ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသော လားရှိုးဒီဂရီကောလိပ်၏ မြင်ကွင်းကို ဤသို့တွေ့ရသည်။



ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သားဖွားမီးယပ်ဆောင်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပညာရေး		
အခြေခံပညာကျောင်းပေါင်း	၁၂၆၇	၁၇၁၇
တက္ကသိုလ်၊ ကောလိပ်	၁	၃
ကျန်းမာရေး		
ဆေးရုံ	၃၈	၅၃
ဒေသန္တရကျန်းမာရေးဌာန	-	၁
ကျေးလက်ကျန်းမာရေးဌာန	-	၅၂
ပြန်ကြားရေး		
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၃	၂၈
ပြန်/ဆက်ရုံး	-	၁၈
စာကြည့်တိုက်	-	၁၈
မူးယစ်ဆေးဝါးပပျောက်ရေး		
မီးရှို့ဖျက်ဆီးပွဲအကြိမ်	-	၃
ဘိန်းအစားထိုးနှစ်ရှည်သီးနှံကေ	-	၂၃၅၃
ဘိန်းအစားထိုး ရာသီသီးနှံကေ	-	၆၄၁၀၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)ရှိ ပန်ဆန်း(ပန်ခမ်း)မြို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်။

ရွှေလီတံတားကို ၂၀၀၃ ခုနှစ် မတ်လ ၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ တံတားအရှည် ပေ ၂၃၃၀ ရှိသည်။ စစ်ကိုင်းတိုင်းဘက်တွင် ကသာမြို့နယ် ပျဉ်ထောင်လေးကျေးရွာနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘက်တွင် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည်။



ကိုလိုနီသမိုင်းဆရာတို့ မြန်မာ့သမိုင်းကို လီဆယ်ရေးသားမှုများ

တကောင်းသည် မြန်မာတို့၏ နှလုံးအိမ်အတွင်း၌ သော်လည်းကောင်း၊ မြန်မာရာဇဝင် သမိုင်းစာမျက်နှာများပေါ်တွင် လည်းကောင်း၊ အမှန်တကယ်ရှိခဲ့သော သမိုင်းတစ်ခေတ်ဖြစ်သည်။ မှန်နန်း မဟာရာဇဝင်ဆရာကြီးများ၏ အလိုအရ ဆိုလျှင် တကောင်းသည် မြန်မာဦးစွန်းထွန်းစအချိန်လည်း ဖြစ်နိုင်သည်။

သို့သော် မြန်မာ့သမိုင်းကို ရေးသားသော ကိုလိုနီသမိုင်းရေးဆရာတို့က "မြန်မာ့သမိုင်းကို အနော်ရထာမှ စခဲ့ကြ၏"ဟု ရေးခဲ့ကြသည်။ ထို့ကြောင့် မြန်မာတို့နှလုံးအိမ်ထဲမှ မြို့တကောင်းသည် ပုံပြင်ထဲက ဒဏ္ဍာရီကဲ့သို့ ဖြစ်ခဲ့ရသည်။

ကိုလိုနီ သမိုင်းရေး ဆရာတို့က အေဒီ ၁၅၂၀ တွင် ရေးသားခဲ့သော အရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်နှင့် အေဒီ ၁၇၁၁ တွင် ရေးသားခဲ့သော ဦးကုလား မဟာရာဇဝင်ကြီး တို့တွင် တကောင်း မပါဘဲ မှန်နန်းရာဇဝင်ကြီး၌သာ ပါခြင်းသည် မှန်နန်းကို အေဒီ ၁၈၂၉ တွင် ရေးသားခဲ့ခြင်းကြောင့် ဖြစ်သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ၁၈၂၆ခုနှစ် ဖေဖော်ဝါရီ လတွင် မြန်မာတို့အရေးနိမ့်၍ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ရသည်။ စစ်ရှုံးပြီး သုံးနှစ်အကြာတွင်မှ မှန်နန်းကို ရေးသားခဲ့ရာ မှန်နန်းရေးသားသူ ရာဇဝင်ဆရာတို့သည် မြန်မာတို့စစ်ရှုံး၍ ဇာတိသွေး၊ ဇာတိမာန် ကျဆုံးခဲ့ရသည်ကို အဖတ်ဆယ်ရန် မှန်းနန်းရာဇဝင်၌ တကောင်း အကြောင်းကို တမင် လီဆယ်၍ ထည့်သွင်းရေးသားခဲ့ခြင်း ဖြစ်သည်ဟု ဆိုကာ ကိုလိုနီသမိုင်း ရေးဆရာတို့က မြန်မာရာဇဝင်ကို အနော်ရထာမှစ၍ ရေးခဲ့ကြခြင်း ဖြစ်သည်။

အင်္ဂလိပ်တို့က မြန်မာရာဇဝင်ကို ရေးသားကြရာတွင် ဥရောပတိုက်သား ဖြစ်သော ယင်းတို့အား အထင်ကြီးစေရန်နှင့် မြန်မာတို့ မိမိတို့ကိုယ် မိမိတို့ အထင်သေး အားငယ်စေရန် ရည်ရွယ်ချက်များဖြင့်သာ ရေးသားခဲ့ကြ၏။ မြန်မာရာဇဝင်၊ မြန်မာ့ကျမ်းဂန်စာပေတို့က မည်ကဲ့သို့ပင်ဆိုစေကာမူ ယင်းတို့ ပယ်လိုသည့်ကိစ္စများကို ပယ်ခဲ့ကြသည်။

တစ်နည်းအားဖြင့်ဆိုရသော် ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏ လိုလားမှုကို ရှေ့တန်းတင်၍ စာပေများကို လိုသလိုဆွဲပြီး ရေးတတ်ကြသည်။ ၎င်းမှာ ယင်းတို့၏ ပြုမူနေကျ ဓလေ့တစ်ခုဖြစ်ရာ နယ်ချဲ့တို့၏ အလိုကို နားမယောင်မိစေရန်၊ မလိုက်ပါမိစေရန် တိုင်းရင်းသားညီအစ်ကိုများ အထူးသတိချပ်သင့်ပေသည်။

အိန္ဒိယပင်ရိုညာဉ်ခံအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဟာဗေးသည် မြန်မာရာဇဝင်တစ်စောင်ကို မြန်မာသုတေသနအသင်းက နှစ်ပေါင်းများစွာ စုဆောင်းထားသော အချက်အလက်များကို ကိုးကား ရေးသားထားသည်ဟု ဆိုသော်လည်း ထိုရာဇဝင်၏ ရည်ရွယ်ချက်မှာ ဥရောပတိုက်သားများကို အထင် ကြီးစေရန်သာ ဖြစ်၏။ ရာဇဝင်ရေးသားရာတွင် ကိုလိုနီနယ်ချဲ့ သမိုင်းရေးဆရာတို့သည် မြန်မာရာဇဝင်၊ မြန်မာအမှတ်အသား၊ မြန်မာကျောက်စာများက မည်သို့ပင်ဆိုစေကာမူ တရုတ်အမှတ်အသား၊ အိန္ဒိယ အမှတ်အသား၊ ယိုးဒယား အမှတ်အသား၊ ဥရောပတိုက် အမှတ်အသားတို့နှင့် မကိုက်ညီလျှင် မြန်မာအဆိုကို တစ်ချက်တည်းနှင့် ပယ်သည်။ မြန်မာစာ မြန်မာအမှတ်အသားတို့ကို နှိမ့်ချကာ ပယ်သည်။ မြန်မာရာဇဝင်ကို ရေးသား ရာတွင် မြန်မာမှတစ်ပါး အခြားသူများ၏ အပြောအဆို၊ အမှတ်အသားများ ဆိုပါက တစ်ဆင့်စကားကြားရုံမျှနှင့် စစ်ဆေးကြည့်ရှု လေ့လာမှုမရှိဘဲ အခိုင်အမာလက်ခံကာ အတည်ပြုရေးသားခဲ့ကြ၏။

တကောင်းရာဇဝင်ကိုလည်း ဖော်ပြပါအတိုင်းပင် မှန်နန်းရာဇဝင်ဆရာကြီးတို့ ကြံဖန် လီဆယ်ရေးသားသယောင် ဆိုကြ၊ ပြောကြ၊ ရေးသားကြပြီး ထိုအယူအဆကို ကောလိပ်ကျောင်းနှင့် ဟိုက်စကူးကျောင်းများတွင် ပို့ချသင်ကြားစေခဲ့၏။ ကိုလိုနီနယ်ချဲ့တို့ မြန်မာနိုင်ငံမှ ထွက်ပြေးကြရတော့မှပင် ထိုသို့သော သင်ကြားမှုသည် ရပ်ဆိုင်းသွား၏။

ထိုကိစ္စနှင့်ပတ်သက်၍ ဆရာကြီး ဖေယျက အတွဲ-၁၊ အမှတ် ၂ ဒီဇင်ဘာလ ၁၉၅၂ခုနှစ်ထုတ် မြဝတီ မဂ္ဂဇင်းတွင် မှန်နန်းဟူသော ဆောင်းပါးကို ရေးသားရာ၌-

ချစ်စံဝင်း

"အမှန်အားဖြင့် မြန်မာရာဇဝင်များကို မြန်မာမင်း အမှုတော်ထမ်းမှူးမတ်သေနာပတိ စသည်တို့က စီရင်ရေးသားကြသော်လည်း ရာဇဝင်ဆရာကြီး တို့၏ ရည်ရွယ်ချက်မှာ 'မင်းလိုလိုက် မင်းကြိုက်' ဆိုသကဲ့သို့ မင်းကောင်း၊ မင်းဆိုးမရွေး မင်းဆိုသမျှ အမွှမ်းတင်ခဲ့ကြခြင်းမရှိချေ။ ကောင်းလျှင် ချီးကျူးခဲ့ကြသည်။ မကောင်းလျှင် ရှုတ်ချခဲ့ကြသည်။ မြန်မာ ပညာရှိများက ရာဇဝင်ကျမ်း၊ ရာဇဝင်သမိုင်း အဖြစ်သာမဟုတ်၊ နောင်လာနောက်သားတို့အတွက် ဥပဒေများ(ဝါ) သင်ခန်းစာများဖြစ်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ကြခြင်း ဖြစ်သည်"ဟု ဖော်ပြခဲ့၏။ ထို့ပြင် ဆရာကြီးဖေယျက ဆက်လက်၍-

"မှန်နန်းအစရှိသော ရာဇဝင်တော်ကြီးများကို ရှင်ဘုရင်များက အရေးခိုင်း၍ ရှင်ဘုရင်အကြိုက် လိုက်၍ရေးရသည်။ ရှင့်ဘုရင့်ဓား ကို ကြောက်၍ ဟုတ်ရာမှန်ရာကို မရေးဝံ့ကြဟု အချို့ကဆိုကြသည် မှာ အဆိုပါ ရာဇဝင်တော်ကြီးများကို ကိုယ်တိုင်က ဟုတ်ဟုတ်ငြားငြား ဖတ်ရှုလေ့လာခြင်းမရှိ။ မြန်မာ လူမျိုးတို့ အုပ်ချုပ်ပုံဥပဒေ စည်းကမ်းကိုနားမလည်၊ နယ်ချဲ့တို့ သွတ်သွင်းခဲ့သော အထင်မှား၊ အမြင်မှားဖြင့် ရော်ရမ်း၍ ဆိုကြ ခြင်းမျှသာ ဖြစ်ပေသည်"ဟု ရေးသားခဲ့သည်။

အမှန်စင်စစ် မြန်မာတို့၏ ဇာတိသွေးဇာတိမာန်ကို ချိုးနှိမ်လိုသော စိတ်ဖြင့် မြန်မာ့သမိုင်းအား လီဆယ်ရေးသားသူတို့သည် ကိုလိုနီမျက်နှာဖြူ သမိုင်းရေးဆရာတို့ပင် ဖြစ်၏။ ကိုလိုနီ အင်္ဂလိပ်နယ်ချဲ့တို့သည် သမိုင်းမျက်နှာစာတွင်သာမက အဘက်ဘက်သော မျက်နှာစာတို့တွင် မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်ကို ချိုးနှိမ်ခဲ့ကြသူများ ဖြစ်၏။

ပဲခူးမြို့ မြို့လယ်ရှိ သွန်းဘုရားကြီး တည်ရှိရာနေရာသည် အလောင်း မင်းတရားကြီး၏ အောင်မြေနေရာဖြစ်၏။ အင်္ဂလိပ်တို့ အုပ်စိုးချိန်၌ပင်လျှင် မြန်မာအများအပြား အောင်မြေလာ၍ နင်းကြရာ အင်္ဂလိပ်တို့သည် ကောက်ကျစ် စဉ်းလဲစွာဖြင့် ထိုနေရာကို ဆေးရုံနေရာ အဖြစ်ရွေးချယ်၍ ထိုနေရာ၌ ရင်ခွဲရုံဆောက်ရန် စီစဉ်ခဲ့ကြ၏။ ထိုအခါ ပဲခူးသူ၊ ပဲခူးသား တို့သည် အလောင်းမင်းတရားကြီး၏ အောင်မြေတွင် ရင်ခွဲရုံတော့ အဆောက်အ[...]ကြေးများကို အမြန်စုဆောင်း၍ ဘုရားပုံတော် [...]သွန်းဘုရားကြီးကို တည်ထားကိုးကွယ်သော အခါတွင်မှ အ[...]ဆေးရုံနေရာကို ကျုံးအတွင်းသို့ ရွှေ့ပြောင်းခဲ့ကြ၏။

ဤနေရာတွင် နယ်ချဲ့တို့၏ ကောက်ကျစ်စဉ်းလဲမှုကို[...]သည်။ နယ်ချဲ့တို့၏ ဖျက်လိုဖျက်ဆီးသဘောကို တွေ့ရ[...]ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့အပါအ[...]ပြည်ပ အဖျက်သမားတို့၏ အတွင်းသရုပ်ကိုသိမြင်ပြီး [...]အစဉ်ရှိနေကြရန် လိုအပ်ပါသည်။

အလားတူပင် ရွှေဘိုမြို့ရှိ အလောင်းမင်းတရားကြီး[...]နေရာတွင် အင်္ဂလိပ်တို့က အကျဉ်းထောင်ဆောက်ခဲ့၏။ [...]မိန်းမအကျဉ်း ထောင်ကို ဖွင့်လှစ်ထားရှိခြင်းဖြင့် ဘုံ၊ နန်း၊ [...]တစ်ခါက မြန်မာတို့ ကြီးကျယ်မြင့်မြတ် ထည်ဝါခဲ့ပုံသည် [...]အနိဋ္ဌာရုံ အကျဉ်းစခန်းဘဝ ရောက်ခဲ့ရတော့၏။

မန္တလေးနန်းတော်ကြီးသည် ကျုံး၊ မြို့ရိုး၊ ပစ္စင်၊ [...]အစဉ်ထာဝရ ဇာတိသွေးဇာတိမာန် နိုးကြားနေသော နေရာ[...]အင်္ဂလိပ်တို့သည် မြန်မာတို့၏ ဇာတိမာန်နိုးကြားမှုကို [...]နန်းတော်ကြီးအား အလွန် အရုပ်ဆိုး အကျည်းတန်စေ[...]အများအပြား အကုန်အကျခံ၍ မီးရထား လမ်းကြီးကို [...]ဖြတ်ဖောက်ကာ တည်ဆောက်ခဲ့၏။ အခြားနေရာမှ[...]

လူသားမျိုးနွယ်အစ မြန်မာက ဟူသော သမိုင်းအထောက်အထားများကို ကွင်းဆင်းရှာဖွေလေ့လာရေးအဖွဲ့များက မြန်မာနိုင်ငံအထက်ပိုင်း ပုံတောင်ဒေသတွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။

တကောင်းခေတ်မြန်မာရာဇဝင်ကို ၁၈၂၉ ခုနှစ်ကရေ[...]
ဤမှန်နန်းရာဇဝင်တော်ကြီးစာအုပ်တွင် အထင်အရှားဖော်[...]



အမှန်မှာမူ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအ[...]
မြန်မာပြည်တွင် ကမ္ဘာဦးလူသားတို့နှင့်ပတ်သက်[...]
များစွာရေးကျသည်။

မြန်မာလူမျိုးများသည် မြန်မာ့မြေတွ[...]
စာပေယဉ်ကျေးမှုလည်းရှိခဲ့သည်။ မြန်မာပြည်မှ[...]
မြန်မာခေတ်သည် မူလအစကတည်းက သမိုင်း[...]

မြန်မာနိုင်ငံပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိရသေ[...]
အဆင့်မြင့်လူတူ အင်္ဂါရပ်များက ပိုမိုများပြား[...]
မျိုးစုအမည်ကိုလည်း ဗဟင်းနီးယား (Bahin[...]
ပရိုင်းမိတ်ဖြစ်ကြောင်းသိရသည်။ မြန်မာ့မြေတွင်[...]

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

တွင် ရင်ခွဲရုံတော့ အဆောက်မခံဟု
တင်း၍ ဘုရားပုံတော် အမြန်သွန်းပြီး
ကွယ်သော အခါတွင်မှ အင်္ဂလိပ်တို့သည်
ရွှေ့ပြောင်းခဲ့ကြ၏။
ကောက်ကျစ်စဉ်းလဲမှုကိုတွေ့ရမည်ဖြစ်
ဝ်ဆီးသဘောကို တွေ့ရမည်ဖြစ်သည်။
ို့များသည် နယ်ချဲ့အပါအဝင် ပြည်တွင်း
တွင်းသရုပ်ကိုသိမြင်ပြီး နိုင်ငံရေးသတိ
ဉ်။
အလောင်းမင်းတရားကြီး၏ နန်းတော်
ဉ်းထောင်ဆောက်ခဲ့၏။ ထိုနေရာတွင်
တားရှိခြင်းဖြင့် ဘုံ၊ နန်း၊ ပြာသဒ်တို့ဖြင့်
င့်မြတ် ထည်ဝါခဲ့ပုံသည် ပျောက်ဆုံးကာ
ာက်ခဲ့ရတော့၏။
ဉ် ကျုံး၊ မြို့ရိုး၊ ပစွင်၊ ပြအိုးတို့ဖြင့်
န် နိုးကြားနေသော နေရာကြီးဖြစ်သည်။
ဓာတိမာန်နိုးကြားမှုကို မရှုဆိတ်ဖြင့်
ရုပ်ဆိုး အကျည်းတန်စေရန် ငွေကြေး
မီးရထား လမ်းကြီးကို မြို့ရိုးကြီးအား
ခဲ့၏။ အခြားနေရာမှ ရထားလမ်း



ဖောက်လုပ်ပါက ယခုလောက်ပင် ကုန်ကျစရိတ်မရှိနိုင်ဘဲ ဖောက်လုပ်နိုင်ပါလျက် နန်းတော်ကြီးအားဖြတ်၍ မီးရထားလမ်းဖောက်လုပ်မှုသည် အင်္ဂလိပ် တို့၏ တမင်လုပ်ကြံမှုသက်သက်သာ ဖြစ်၏။

အင်္ဂလိပ်တို့သည် ထိုသို့ လီဆယ်လုပ်ကြံမှုမျိုးကို မြန်မာရာဇဝင်နှင့် သမိုင်းရေးရာတွင်လည်း ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ခဲ့ကြ၏။ မြန်မာ့သမိုင်းကို အင်္ဂလိပ်တို့ လီဆယ်ရေးသားမှုနှင့်ပတ်သက်၍ ဆရာကြီး ဇေယျ ကပင် အထက်ပါဆောင်းပါးတွင်–

"မြန်မာရာဇဝင်ကို မြန်မာတို့အထင်လွဲအောင် ပြုခဲ့သူများကား မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူစိုးမိုးအုပ်ချုပ်ခဲ့သော နယ်ချဲ့များဖြစ်လေသည်။ နယ်ချဲ့တို့ မြန်မာနိုင်ငံကို စိုးပိုင်သောအခါမှုကား မြန်မာလူမျိုးတို့သည် မိမိတို့ကိုယ်ကို မိမိတို့အထင်သေး၍ ၎င်းတို့ကိုသာ အထင်ကြီးလာစေရန် အရေးပေါ်ပေါက်လာလေသည်။ သို့ဖြစ်စေရန်အတွက် မြန်မာတို့သည် ၎င်းတို့၏အထွတ်အထိပ်ဖြစ်သော ရှင်ဘုရင်များနှင့် ရာဇဝင်များကို အထင်သေးလာအောင်ပြုလုပ်ရန် နယ်ချဲ့တို့၏ တာဝန်ဖြစ်လေသည်။ ဤလုပ်ငန်းကို ရှေးဦးဆောင်ရွက်သူကား ဗြိတိသျှဘားမား သုံးနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ရာ ဖြစ်လေသည်။

ဆာအာသာဖယ်ရာသည် မြန်မာရာဇဝင်များကိုလေ့လာပြီးနောက် တိုင်းရင်းသားအချင်းချင်း သွေးကွဲစေသော အကြောင်းအရာများပါဝင်ရေးသားထားသည့် မြန်မာရာဇဝင်တစ်စောင်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ ၁၈၈၃ ခုနှစ်တွင် ထုတ်ဝေလေသည်။ ဆာအာသာဖယ်ရာသည် အထက်မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ရောက်ဖူး၏။ မြန်မာများကို သခင်ဘဝနှင့်မြင်ဖူးသူဖြစ်သောကြောင့် များစွာရှုတ်ချ၍ မရေးနိုင်ခဲ့ချေ။

မြန်မာရာဇဝင်ဖျက်ပွဲ၌ ဒုတိယ ပါဝင်သူမှာ ရန်ကုန်ကောလိပ်သိပ္ပံကျောင်းတွင် ပါဠိ ပါမောက္ခကြီးပြုလုပ်သွားသူ ဂျိမ်းစ်ဂရေးဆိုသူ ဖြစ်လေသည်။ ၎င်းက အလောင်းဘုရားဆက် ရာဇဝင်ကိုရေးသားသည်။ အလောင်းဘုရားမှစ၍ ကုန်းဘောင်ဆက်တစ်ဆက်လုံး တစ်ယောက်မျှ မကောင်းအောင် ရေးသားသွားလေသည်။ ဂျိမ်းစ်ဂရေး၏ ရာဇဝင်ကို ဖတ်ကြည့်လျှင် နှစ်ပေါင်း ၁၅၀ ကျော်သော ကုန်းဘောင်ဆက်ကြီး တစ်ဆက်လုံးမှာ နန်းလုပွဲ၊လူသတ်ပွဲ၊ မတရားနှိပ်စက်ပွဲများနှင့် သွေးချောင်းစီးနေသည်ဟု ထင်ရလေသည်။

မြန်မာ့သမိုင်းတွင် တကောင်းသည် ပုဂံခေတ်ထက်ပင် စောစွာရှိခဲ့သော မြန်မာမြို့တော် ဖြစ်ခဲ့ကြောင်း တကောင်းဒေသ သပိတ်ကျင်းမြို့နယ် ဝါးရုံကုန်းကျေးရွာအနီးမှ ဖော်ထုတ် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်း ပစ္စည်းများက သက်သေပြုလျက်ရှိသည်။

ထို့နောက် နယ်ချဲ့ပညာမင်းကြီးကုတ်က ရာဇဝင်တစ်စောင်ရေးသားပြန်လေသည်။ ဂရေး၏ရာဇဝင်မှာ ကုန်းဘောင်ဆက်တစ်ဆက်ကိုသာ ရည်ရွယ်ခဲ့သည်။ ကုတ်ရာဇဝင်မှုကား မြန်မာရာဇဝင်တစ်ခုလုံးကိုပင် ရည်ရွယ်ရေးသားလေသည်။ မြန်မာလိုပြန်၍ ကျောင်းသားကလေးများ ခေါင်းထဲသို့ အတင်းသွတ်သွင်းပေးဦးမည်ဟု ကြံပြန်လေသည်။

ငင်ကို ၁၈၂၉ ခုနှစ်ကရေးသားခဲ့သော
ပ်တွင် အထင်အရှားဖော်ပြထားသည်။

မြန်မာအစကိုဖော်ညွှန်းသော လူတူပရိုင်းမိတ်၏ မေးရိုးကျောက်ဖြစ်ရုပ်ကြွင်းများ။

အင်္ဂလိပ်တို့ လီဆယ်ရေးသားခဲ့သော မြန်မာ့သမိုင်းကို မျိုးချစ်မြန်မာသုတေသီများက ကြိုးစား၍ ဤသို့ အမှန်ကို ဖော်ထုတ်လျက်ရှိကြ၏။

၎င်းနောက် ရန်ကုန်ဂေဇက်တိုက်ပိုင်ရှင် စတီးဝပ်ရေးသားသော "ဘားမားသရူးသည် ဆင်ကျူရီးစ်"ခေါ် ရာဇဝင်တစ်စောင် ပေါ်ပေါက်လာလေသည်။ ၎င်းမှာ မြန်မာများအတွက် မရည်ရွယ်ဘဲ မြန်မာပြည်ကို အလည်အပတ်လာကြသော ဥရောပတိုက်သားများနှင့် မြန်မာပြည်အကြောင်း တော်ရုံ၊ လျော်ရုံပေါ့ပေါ့ သိလိုကြသော ဥရောပတိုက်သားများအတွက် ရည်ရွယ်လေသည်။ ၎င်း ရာဇဝင်ကို ဆင်ခြင်၍ရေးထားသော်လည်း ဂရေးရာဇဝင်၊ ကုတ်ရာဇဝင်တို့နှင့် မခြားလှချေ။

ထိုကဲ့သို့ နယ်ချဲ့သမိုင်းရေး ဆရာတို့က မြန်မာ့သမိုင်းကို လွဲမှားစွာ လုပ်ကြံရေးသားခဲ့သော်လည်း အရှေ့တိုင်းရာဇဝင်ကို စေ့စပ်စွာလေ့လာခဲ့သော ဥရောပတိုက်တွင် ထင်ရှားသည့် သမိုင်းပညာရှင် ဒေါက်တာလောင်ကမူ မြန်မာတို့ ရေးသားခဲ့သော မြန်မာရာဇဝင်များသည် မှန်ကန်သည်ဟု ယူဆ သည်။ ၎င်းတို့၏ ကောင်းမကောင်းကို အထူး ချဲ့ထွင်ရေးသားနေရန် မလိုဟု မှတ်ချက်ချခဲ့ဖူး၏။

မြန်မာရာဇဝင်ကို အထူးလေ့လာခဲ့သူ ဂျာမန်ရာဇဝင် ပါမောက္ခဆရာကြီး လက်ဆင်းက မြန်မာတို့မှာ မြန်မာရာဇဝင်သာ မဟုတ်ဘဲ ပဲခူး၊ ဇင်းမယ်နှင့် အနီးအနားရှိ နယ်ပယ်များ၏ ရာဇဝင်များပါဝင်သော ကျမ်းများလည်းရှိသည်။ ထိုရာဇဝင် ကျမ်းကြီးများတွင် ကျမ်းပြုဆရာတို့က မိမိတို့ ရာဇဝင် အကြောင်း အကောင်းချည်းသာ မဟုတ်ဘဲ မကောင်းသော အကြောင်းများကိုလည်း ရေးသားထားသဖြင့် ၎င်းတို့ကို အမှန်ဟု ယုံကြည်ဖွယ်ရာသာ ရှိပေသည်။ ရာဇဝင်ပါစကားများကို ၎င်းတို့၏ ကမ္ပည်းကျောက်စာများကလည်း မှန်ကန်ကြောင်း ထောက်ခံလျက်ရှိ၏ဟု ရေးသားခဲ့သည်။

အမှန်မှာမူ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာသည် နှစ်ပေါင်းထောင်ချီ၍တည်ရှိခဲ့သည်။ ကမ္ဘာဦးအစကတည်းကပင် မြန်မာပြည်တွင် ကမ္ဘာဦးလူသားတို့နှင့်ပတ်သက်သည့် သမိုင်းအထောက်အထားများလည်း ရှိခဲ့သည်။ တကောင်းခေတ်ထက်ပင် များစွာရှေးကျသည်။

မြန်မာလူမျိုးများသည် မြန်မာ့မြေတွင် မြန်မာပုံစံဖြင့် ဖြစ်တည်လာခဲ့သည်။ ကိုယ်ပိုင်အတွေးအခေါ်၊ စာပေယဉ်ကျေးမှုလည်းရှိခဲ့သည်။ မြန်မာပြည်မှ မြန်မာလူသားများခေတ်ကို မြန်မာ့မြန်မာခေတ်ဟု ခေါ်ဆိုရမည် ဖြစ်သည်။ မြန်မာခေတ်သည် မူလအစကတည်းက သမိုင်းအထောက်အထားများဖြင့် ဖြစ်တည်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိရသော ရုပ်ကြွင်းများအနက် ဗဟင်နီးယားပုံတောင်ဂျန်းစစ်သည် ပရိုင်းမိတ်များတွင် အဆင့်မြင့်လူတူအင်္ဂါရပ်များက ပိုမိုများပြားနေသဖြင့် ၎င်းကို ရှေးကျသော လူတူပရိုင်းမိတ်အဖြစ် သတ်မှတ်နိုင်ပြီး မျိုးစုအမည်ကိုလည်း ဗဟင်နီးယား (Bahinia) ဟု အမည်ပေးခဲ့ကြောင်းသိရသည်။ နှစ် သန်း ၄၀ခန့် သက်တမ်းရှိ ပရိုင်းမိတ်ဖြစ်ကြောင်းသိရသည်။ မြန်မာ့မြေတွင် ကမ္ဘာဦးလူ့သမိုင်းနှင့် ဆက်စပ်နိုင်သော သမိုင်းသယံဇာတများပင် ဖြစ်သည်။

မြန်မာတို့၏သမိုင်းကြောင်းသည် ရှည်လျားလှသည်။ ရှည်လျားလှသောသမိုင်းကြောင်းနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုတို့၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည် ခိုင်ကျည်မြဲမြံလျက်ရှိသည်။ ကိုလိုနီနယ်ချဲ့တို့က မြန်မာ့သမိုင်းကို မည်သို့ပင် လီဆယ်ရေးသားစေကာမူ သမိုင်းဖြစ်ရပ်မှန်ကို အစဉ်သိမြင်လျက် နယ်ချဲ့တို့၏ ပြည်ထောင်စုကြီးအပေါ် ထိပါးလာမှုမှန်သမျှကို ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အစဉ်သတိချပ်ကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

မျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာသည် နှစ်ပေါင်း ထောင်ချီ၍တည်ရှိခဲ့သည်။ ကမ္ဘာဦးအစကတည်း
ကမ္ဘာဦးလူသားတို့နှင့်ပတ်သက်သည့် သမိုင်းအထောက်အထားများလည်း ရှိခဲ့သည်။
များစွာရှေးကျသည်။
ည် မြန်မာ့မြေတွင် မြန်မာပုံစံဖြင့် ဖြစ်တည်လာခဲ့သည်။ ကိုယ်ပိုင်အတွေးအခေါ်
ခဲ့သည်။ မြန်မာပြည်မှ မြန်မာလူသားများခေတ်ကို မြန်မာ့မြန်မာခေတ်ဟု ခေါ်ဆို ရမည် ဖြစ်သည်။
စကတည်းက သမိုင်း အထောက်အထားများဖြင့် ဖြစ်တည်ခဲ့ပြီးဖြစ်သည်။
ဒေသမှ ရှာဖွေတွေ့ရှိရသော ရုပ်ကြွင်းများအနက် ဗဟင်နီးယားပုံတောင်ဂျန်းစစ်သည် ပရိုင်းမိတ်
အင်္ဂါရပ်များက ပိုမိုများပြားနေသဖြင့် ၎င်းကို ရှေးကျသော လူတူပရိုင်းမိတ် အဖြစ် သတ်မှတ်နိုင်ပြီး
င်းနီးယား (Bahinia) ဟု အမည်ပေးခဲ့ကြောင်းသိရသည်။ နှစ် သန်း ၄၀ခန့် သက်တမ်းရှိ
ရသည်။ မြန်မာ့မြေတွင် ကမ္ဘာဦးလူ့သမိုင်းနှင့် ဆက်စပ်နိုင်သော သမိုင်းသယံဇာတများပင် ဖြစ်သည်။

နဝင်းကျောင်းတိုက် နှမ်းမနဲပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူ ဉာဏရပ်ကွက် ရွှေနံ့သာအုပ်စု နဝင်းကျောင်းတိုက်၌ နဝင်းဆရာတော်အား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက ဖေဖော်ဝါရီ၄ရက်ည ၁၂ နာရီတွင် (၆) ကြိမ်မြောက် စုပေါင်း နှမ်းမနဲထိုးပွဲကျင်းပ၍စကြာမုနိဆုတောင်း ပြည့်ရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဖေဖော်ဝါရီ ၅ ရက် နံနက် ၉နာရီ တွင် လှူဒါန်းမှု အစုစုတို့အတွက် စုပေါင်းရေစက်ချ အမျှပေးဝေခြင်းနှင့်စတုဒိသာကျွေးမွေးခြင်းများပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

■ *ပင်လယ်ပြင်မှ*

အားရတက်ကြွသော ခံစားမှုများကိုလည်း ဖြစ်လာစေသည်။

ဖြူဖွေးသစ်လွင်သော အမြန်ရေယာဉ်သည် ပင်လယ်ရေပြင်အတွင်း သင်ဖြူးခင်းနေသော လှိုင်းတွန့်ငယ်ကလေးများကို တိုးတိုက် တွန်းဖေ့ကာ ရှပ်တိုက် ပြေးလွှားနေသည်။

ညာဘက်တွင် တရွေ့ရွေ့ကျန်ခဲ့သော ကော့သောင်းမြို့၊

ပြီးတော့ တနင်္သာရီကမ်းရိုးတန်း၊

ကမ်းရိုးတန်းအတိုင်း ပင်လယ်ဘက်သို့ ထိုးဆင်းလာသော တောင်တန်းပြာပြာများ၊

အုံ့မှိုင်းစိမ်းစိုနေသော ဆီအုန်းပင်စိုက်ခင်းများတို့ကို ဖြတ်သန်းခဲ့ရသည်။

ဘယ်ဘက်တွင်တော့ ရွေ့လျားနေသော ပင်လယ်ရေပြာပြာတွင် လွင့်မျောနေသည်ဟု ထင်နေရသည့် ကျွန်းစုများ။--- သူဌေးကျွန်း၊ ညောင်ဝီးကျွန်း၊ ကျွန်းဖီလာ၊ လန်ပိကျွန်း၊ ဗိုလ်ချိုကျွန်း စသည် စသည်များ---။

ကျွန်းတစ်ကျွန်းနှင့်တစ်ကျွန်းအကြားတွင်မူ မိုးကုပ်စက်ဝိုင်းသို့တိုင် ပြာလွင်နေသော ပင်လယ်ရေပြင်ကြီးကို မျက်စိတစ်ဆုံး တွေ့မြင်နေရသည်။

ကျယ်ပြန့် သာယာလှပပါသော ပင်လယ်မြင်ကွင်းရှုခင်းသည် မိမိတို့နိုင်ငံ၏ သဘာဝရတနာပါတကား၊ မိမိတို့ပိုင်ဆိုင်သော ကိုယ်ပိုင်ပစ္စည်းပါတကား ဟူသော အသိများဖြင့် ကျွန်မ လန်းဆန်းတက်ကြွလာပါသည်။

တက္ကသိုလ်တွင် မြန်မာစာပေနှင့် မြန်မာဘာသာစကား ပညာရပ်များ သင်ကြားပို့ချခြင်းဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ကျွန်မသည် စာပေကိုလည်း အလွန်ချစ်ပါသည်။ မြန်မာဘာသာစကားကိုလည်း အလွန်စိတ်ဝင်စားပါသည်။

နိုင်ငံတစ်နံတစ်လျား၌ ရိုးသားစွာ နေထိုင်စားသောက်တတ်ကြသော တိုင်းရင်းသားများ၏ ဘာသာစကား စာပေယဉ်ကျေးမှုတို့ကိုလည်း အထူးစိတ်ဝင်စားပါသည်။ တိုင်းရင်းသားများနှင့် တွေ့ရ၊ ဆုံရ၊ စကားပြောရ၊ မေးမြန်းစပ်စုရသည်ကို အလွန်ကြည်နူးပါသည်။ တိုင်းရင်းသားတို့၏ နေရာဒေသများသို့ ကိုယ်တိုင် သွားရောက်ပြီး သူတို့တစ်တွေနှင့် တွေ့ဆုံပြောဆိုရလျှင်တော့ ဆိုဖွယ်ရာမရှိပါပြီ။

ယခုမူ ဤမျှ သာယာလှပကြည်နူးဖွယ်ကောင်းလှသော မြန်မာ့ပင်လယ်ပြင်မှ "ရေမှာလှုပ်ရှားရေမင်းသား" များကို တွေ့ရမည့်ခရီးစဉ်တွင် ကျွန်မလိုက်ပါလာခဲ့ခြင်းဖြစ်သည်။ ကျွန်မစိတ်ဝင်စားသော ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် တွေ့ရပေဦးတော့မည်။

အမြန်ရေယာဉ်သည် အမိမြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးဖြစ်သော ကော့သောင်းမြို့ ဆိပ်ကမ်းမှ မြောက်ဘက်ပင်လယ်ပြင်သို့ ဆန်တက်နေခြင်းဖြစ်ပါသည်။ ၂နာရီ မိနစ်၄၀မျှ ပင်လယ်ပြင်ရှုခင်းကို တစ်ဝကြီး ငေးမောခံစားပြီးသောအခါတွင်မှ ခရီးဦးတည်ရာဖြစ်သော "ဆလုံ"လူမျိုးတို့၏ ကွန်းခိုရာသို့ ရောက်ရှိခဲ့ပါသည်။

လှိုင်းတဖျပ်ဖျပ်ရိုက်ခတ်နေသော သောင်ပြင်ပြန့်ပြန့်။

သောင်ပြင်ပြန့်ပြန့်၏ နောက်ကျောဘက်ခပ်လှမ်းလှမ်းမှ ခြေတံရှည်တဲအိမ်ငယ်များ၊

တဲအိမ်တန်းများနောက်မှ တောင်ကမူကုန်းမြင့်မြင့်တို့ကို တွေ့မြင်ရပါသည်။

အမြန်ယာဉ်ဆိုက်ကပ်ရာ ဝန်းကျင်ကမ်းစပ်ရေပြင်တွင်မူ "ဆလုံလှေ"ဟု အလွယ်တကူ ခေါ်ကြသော ဆလုံတိုင်းရင်းသားတို့၏ လက်ဖြစ် (Hand Made) ရိုးရာ ကဗန်းလှေများကို တွေ့ရသည်။ တဲအိမ်လေးများနှင့် တူသော မလုံမလဲပေါင်းမိုးများအောက်မှ ဆလုံလှေများသည် လှိုင်းအပုတ်တွင် တလှုပ်လှုပ် တခုန်ခုန် ဖြစ်နေကြသည်။

ရွာတန်းရှည်တစ်လျှောက် ကျွန်မတို့ လမ်းလျှောက်ကြသောအခါတွင်မူ ကလေးများသာမက ယောကျ်ားမိန်းမ ကြီးကြီးငယ်ငယ် ရွယ်ရွယ်ဟူသမျှတို့က အိမ်တိုင်းစေ့ ထွက်ကြည့်ကြပါသည်။ စိတ်ပါဝင်စားစွာ စူးစိုက်ကြည့်ရှုရင်း အချင်းချင်း စကားအပြန်အလှန် ပြောကြပါသည်။

အိမ်ခါးပန်းကို ခေါင်းတင်၍ အိပ်နေသူ၊ အိမ်အောက်မြေပြင်တွင် ဖျာကြမ်းခင်းပြီး လဲလျောင်းနေကြသူများကိုလည်း တွေ့ရသည်။ အိမ်အောက်တွင် ပိုက်ကွန်ကို ပုခက်သဖွယ် ချည်နှောင်ပြီး တငြိမ့်ငြိမ့်ဖြင့် စည်းစိမ်ခံနေကြသူများကိုလည်း တွေ့ရသည်။

ကြမ်းတမ်းကွဲအက်နေသော မျက်နှာ၊ မွဲခြောက်ရှုပ်ပွနေသော ဆံပင်၊ ခြောက်သွေ့မည်းညစ်နေသော အသားအရေများက မိုးလေပြင်းထန်သော ကာလများမှအပ နေ့နေ့ညည လှေပေါ်တွင်နေကာ ဘဝကို ရုန်းကန်ကြသောသူများဖြစ်ကြောင်း ဖော်ပြနေကြသည်။

ဆလုံလူမျိုးများသည် မြန်မာ့ပင်လယ်ပြင်ရှိ မြိတ်ကျွန်းစုဝန်းကျင်တွင် ကဗန်းခေါ် လှေငယ်များဖြင့် လှည့်လည်သွားလာနေထိုင်ကြသူများဖြစ်သည်။ ရာသီဥတုသာယာသမျှ ကာလပတ်လုံး လှေငယ်တွင် သားမယားများကိုပါ တင်ဆောင်ပြီး ပင်လယ်ပြင်ပေါ်တွင်သာ သွားလာကျက်စားကြသည်။ လှိုင်းလေပြင်းထန်သော ကာလများတွင်သာ လန်ပိကျွန်း၊ ဗိုလ်ချိုကျွန်း၊ ဒုန်းကျွန်း စသော ကျွန်းများတွင် ခြေတံရှည် တဲအိမ်ငယ်များဆောက်လုပ်ပြီး ခေတ္တခဏ နေထိုင်တတ်ကြသည်။

ဆလုံတို့သည် ရေကူး ရေငုပ် ကျင်လည်သည်။

ကျွန်မတို့ရောက်နေသော မကြိုဂလက်ဆလုံရွာ၏ ကမ်းစပ်ပင်လယ်ရေပြင်တွင် ဆလုံကလေးငယ်များ ရေဆော့နေကြသည်ကို တွေ့ကြရသည်။ သုံးပေခန့်ရှိသော သစ်တုံးငယ်တစ်တုံးပေါ်တွင် ကလေးသုံးယောက် လုယက် တက်ကြသည်။ ရှေ့ဆုံးမှ တစ်ယောက်က သစ်သားပြားတစ်ချပ်ကို လှော်တက်လုပ်ပြီး ဘယ်ခတ်လိုက် ညာခတ်လိုက်လှော်သည်။ အလယ်တစ်ယောက်က သစ်တုံးကို ခွထိုင်သည်။ နောက်ဆုံးတစ်ယောက်က သစ်တုံးကိုဖက်ပြီး ခြေနှစ်ချောင်းဖြင့် ယက်သည်။ နွေခေါင်ခေါင် နေပူပြင်းပြင်းတွင် ပင်လယ်ရေပြင်ကို ကစားကွင်းအမှတ်ဖြင့် လှည့်ပတ်ကူးခတ်မြူးဆော့နေကြသော ကလေးငယ်များကို ကြည့်ပြီး ကျွန်မစိတ်ပူနေမိသည်။ သူတို့ကမူ သစ်တုံးပေါ်မှ ပြုတ်ကျလိုက် ပြန်တက်လိုက်၊ စောင်းသွားလိုက် ပြန်မတ်လိုက်၊ ယက်လိုက်၊ ခတ်လိုက်၊ ရေကူးလိုက်နှင့် အပျော်ကြီး ပျော်နေကြသည်။

ဘဝပေးအခြေအနေအရ ရေတွင် အနေပျော်နေကြသူတွေ၊ ရေတွင်အနေပျော်နေ၍လည်း ငါးဖမ်း၊ ပုလဲငုပ်၊ ခရုခွာ၊ ကျောက်ပန်းခက်ခူး၊ ငှက်သိုက်နှိုက်၊ ငါးကြီးအန်ဖတ်ရှာ၊ ပျားရည်ရှာ၊ ဖယောင်းရှာ၊ကနစိုးခေါက်ခွာဟူသော တနင်္သာရီကမ်းရိုးတန်းဝန်းကျင်၊ ပင်လယ်ပြင်ဝန်းကျင်မှ လုပ်ငန်းများဖြင့် အသက်မွေးနိုင်ကြခြင်းဖြစ်သည်။ ကမ်းခြေနှင့်ကျွန်းများတွင် မိုးခိုစဉ်ကာလ အတွင်းတွင်မူ နီးစပ်ရာ ခဲမဖြူသတ္တုတွင်းများတွင် အလုပ်ဝင်လုပ်ကြသည်ဟု သိရှိရသည်။

ဆလုံတို့အတွက် စာအရေးအသားကို ၁၈၄၆ခုနှစ်လောက်က တီထွင်ပေးခဲ့ဖူးသည်ဟုဆိုသည်။ ဆလုံသင်ပုန်းကြီးစာစောင်ပြုစုပြီး ပုံနှိပ်ထုတ်ဝေခဲ့သည်။ သို့သော် ဆလုံတို့သည် စာသင်ကြားခြင်းတွင် စိတ်ပါဝင်စားခြင်းမရှိခဲ့ဟု သိရှိရသည်။ ယခုမူ ဆလုံတို့ လှည့်လည်ကျက်စားရာ ကျွန်းများတွင် နိုင်ငံတော်က ဖွင့်လှစ်ပေးထားသော စာသင်ကျောင်းများ ရှိနေပေပြီ။ ဆလုံလူမျိုး ကလေးငယ်တို့စာသင်နိုင်ကြပြီ။ စာဖတ်နိုင်ကြပြီး စာဖတ်တတ်သည်နှင့်အမျှ ဗဟုသုတ ပွားများလာမည်။ အတွေးအမြင်ကျယ်လာကြမည်။ အနက်အဓိပ္ပာယ်ရှိရှိဖြင့် ဘဝ၏အချိန်များကို အသုံးချတတ်လာကြပေလိမ့်မည်။ ဘဝတစ်သက်တာကို နှစ်သိမ့်ကျေနပ်စွာ ကုန်လွန်နိုင်လာကြပေလိမ့်မည်ဟု မှန်းဆနိုင်ပြီဖြစ်ပါသည်။

ဆလုံတို့သည် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးသည်။ ဆလုံလူငယ်လူရွယ်တို့တွင် နှစ်ရှည်လများ လူပျိုလှည့်သောအလေ့လည်းရှိသည်။ လူကြီးမိဘများထံ နားဖောက်ခြင်း၊ နားဖောက်ရာတွင် ကွမ်းကမ်းခြင်း၊ သဘောတူလျှင် ကွမ်းကမ်းသည်ကို လက်ခံခြင်းစသော ရိုးရာဓလေ့ထုံးစံများလည်းရှိသည်။ အိမ်ထောင်ပြုလျှင်သတို့သားသည် မိမိတို့အိမ်ထောင်ဖက်နှစ်ဦးနေထိုင်ရန် ကြိမ်ဖြင့် ချုပ်ထားသော မနစ်မြုပ်နိုင်သည့် ကဗန်းလှေကို တည်ရသည်။ သတို့သမီးသည် သတို့သားလှေသို့ လိုက်ပါနေထိုင်ကြရသည်။

ဆလုံတို့၏ လူမှုရေးဓလေ့ထုံးစံ၊ စားသောက်နေထိုင်မှုဘဝ၊ အသက်ရှင်ရပ်တည်ပုံတို့မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မြန်မာ့ရေမြေအစွန်အဖျားတွင် ဤသို့သက်စွန့်ဆံဖျား အသက်မွေးနေထိုင်ကြသူများထံသို့ သွားရောက်ရန်၊ တွေ့ဆုံရန်၊သူတို့နှင့် ရင်းနှီးရန် မလွယ်ကူလှပါချေ။ လေယာဉ်ခရီး၊ ရေယာဉ်ခရီး၊မော်တော်ယာဉ်ခရီး အတန်တန်ဖြင့်သွားကြရသည်။ ခရီးစဉ် အတွက် အဆင့်ဆင့် စီစဉ်ရသည်။ အချိန်များများ ပေးရသည်။ ငွေကြေး အကုန်အကျများသည်။

ယခု ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင်မူ နိုင်ငံတော်၏ စီစဉ်မှုဖြင့် တနင်္သာရီတိုင်း ကော့သောင်းခရိုင် လန်ပိကျွန်းအနီး ဗိုလ်ချိုကျွန်းပေါ်ရှိ ဆလုံလူမျိုးတို့၏ မကြိုဂလက်ကျေးရွာတွင် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကို ကျင်းပမည်ဖြစ်ပါသည်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပွဲတော် အတွင်း ဆလုံတိုင်းရင်းသားတို့၏ ရိုးရာလှေပြိုင်ပွဲများ၊ ရေငုပ်စွမ်းရည်သရုပ်ပြပွဲ များ၊ ရေငုပ်စွမ်းရည်ပြိုင်ပွဲများ၊ ဆလုံကလေးငယ်များ၏ ရေပြင်ကျွမ်းကျင်မှု ပြပွဲများ၊ ဆလုံရိုးရာလှေပြပွဲပြိုင်ပွဲများ၊ ရေပြင်ဖြတ်ကြိုးတန်းလျှောက်ပွဲများ စသည်တို့ ပြုလုပ်မည်ဖြစ်သည်။

ပြည်ထောင်စုသားအချင်းချင်း တစ်ယောက်အကြောင်း တစ်ယောက်သိ၊ တစ်ယောက်ဘဝတစ်ယောက်နားလည်၊ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးချစ်ကြည်လက်တွဲညီနေကြမှသာ ပြည်ထောင်စုစိတ်ဓာတ်များ ဖွံ့ဖြိုးခိုင်မာကျစ်လျစ်လာမည်ဖြစ်ပါသည်။

ဆလုံရိုးရာပွဲတော်သည် ဆလုံတို့၏ ရဲဝံ့စွန့်စားသောဘဝ၊ ရိုးသားသောရိုးရာအဆိုအက၊ ထက်မြက်သောစွမ်းရည်အလှတို့ကို ဖော်ပြခြင်းဖြင့် ပြည်ထောင်စုသားအချင်းချင်း တွေ့ဆုံမှု၊ ရင်းနှီးမှု၊ ချစ်ကြည်မှု၊ နားလည်မှုများ အပြန်အလှန်ပေးစွမ်းနိုင်လာလိမ့်မည် ဖြစ်ပါသည်။ ဆလုံတို့၏ ရိုင်းစိုင်း ကြမ်းတမ်းလှသော ရေမြေသဘာဝကို အန်တုရင်ဆိုင်ကြရသော ခက်ခဲပင်ပန်းလှသည့် ဘဝများကို တွေ့မြင်ပြီး စာနာစိတ်များ သက်ဝင်လာရပါလိမ့်မည်။ သို့ကြောင့်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများ၏ စည်းလုံးညီညွတ်မှု အုတ်မြစ်ပေါ်တွင် ခိုင်မာစွာ တည်ဆောက်ထားရှိရမည်ဖြစ်သော ကျွန်မတို့နိုင်ငံအတွက် ဆလုံရိုးရာပွဲတော်သည် မီးတွင်ကောင်းစွာကျက်ထားပြီးဖြစ်သော မာကျောကျစ်လျစ်သည့် အုတ်ချပ်များ ဖြစ်လာပါလိမ့်မည်။

ဆလုံပွဲတော်သို့ ပွဲတော်ကျင်းပရေး တာဝန်ရှိသူများသာမက ဆလုံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ တိုင်းရင်းသားပြည်သူများ၊ ခရီးသွားလုပ်ငန်းများ၏ ဝန်ဆောင်မှုဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များပါ တက်ရောက်ကြပါလိမ့်မည်။ ခရီးသွားဟန်လွှဲ သွားရောက်ရန်မလွယ်ကူသော တစ်တန်တစ်စက စီစဉ်ပြီးမှ သွားရောက်ရမည့် ဆလုံတို့၏ ဤဒေသသို့ ပြည်တွင်းပြည်ပခရီးသွားများ ခြေချကြပေဦးတော့မည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုသားအချင်းချင်း နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိလာပါလိမ့်မည်။ ဆလုံတို့၏ဒေသ၊ ဆလုံတို့၏ဘဝသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်ဟု မျှော်လင့်နိုင်ပြီဖြစ်ပါသည်။

မကြိုဂလက်မှ အပြန်ခရီးတွင်မူ ပြာရင့်သော ပင်လယ်ပြင်မှ ကျွန်းညိုညိုများ၊ သဲငွေသောင်ပြင်များကို မျှော်ကြည့်ရင်း "အဏ္ဏဝါခရီးသည်နှင့်ပုလဲဒေဝီ" စာအုပ်မှ ပျိုမျစ်ဝင်းဝါသော ဆလုံလုံမပျိုပုလဲဒေဝီကို သတိရနေမိသည်။ အဘယ်မည်သောကျွန်း၊ အဘယ်မည်သော ငွေသောင်ယံမှ အဘယ်မည်သော ရေပြာအိုင်တွင် ဆလုံသမီးပျို ပုလဲဒေဝီများသည် အဘယ်သို့ ပျော်မွေ့နေကြပါလေမည်နည်း။

ကျွန်မတို့နှင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူ သွေးချင်းသားရင်းများ ရိုးသားမှု၊ ရောင့်ရဲတင်းတိမ်နိုင်မှုများဖြင့် ဘဝကို ကျေနပ်စွာ လက်သင့်ခံနေကြသူများ၏ ဘဝအလှအတွက် ကျွန်မတို့ တိုင်းရင်းသားပြည်သူအားလုံး တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်ကြရပေဦးမည်။

ဤဆလုံတိုင်းရင်းသားရိုးရာပွဲတော်မှသည် ဆလုံတိုင်းရင်းသားများအတွက် မွေ့လျော်ဖွယ် အနာဂတ်ဘဝခရီးသည်လည်း မဝေးတော့ပြီဟု အတွေးစိတ်ကူးဖြင့်သာ ကြည်နူးနေမိပါသတည်း။ ။

ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝစာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခ ဒေါ်တင်ရီနှင့်အဖွဲ့ ရေးသားပြုစုသော "ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ" စာအုပ် **(ယာပုံ)** ကို ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန ရာမညဆောင် မြေညီထပ်တွင် ဖေဖော်ဝါရီ ၆ ရက်မှစ၍ စတင် ရောင်းချပေးနေပြီဖြစ်ကြောင်းနှင့် မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်းသိရသည်။**(က-ပ)**

ဇန်နဝါရီ ၃၀ရက်က ဗဟန်းမြို့နယ် ရွှေတောင်ကြားရိပ်သာ(၁)လမ်း၊ အမှတ်၇၀ (အီး)နေ ဦးကိုကိုထူး-ဒေါ်စန္ဒာအောင် မိသားစုက နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဆေးရုံသစ်ကြီးဆောက်လုပ်ရန် ပထမအရစ် အလှူငွေကျပ်သိန်း ၁၀၀ ကို ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပဲခူးတိုင်း ဥဿာမြို့သစ် ရန်ကုန်-မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက် ပရိဝုဏ်အတွင်း တည်ထားအပ်သည့် မနောမယ ပတ္တမြားစေတီတော်မြတ်ကြီး ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ၅ ရက် (တပို့တွဲလပြည့်နေ့) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

<u>ဆွမ်းဆန်စိမ်းလောင်းလှူမည်</u>

နှစ်စဉ် အလှူရှင်ဖြစ်သော ဦးသိုင်းဝင်း(သီဟသုဓမ္မမဏိဇောတဓရ)-ဇနီး ဒေါ်ငွေငွေညွန့်(သီဟသုဓမ္မသိင်္ဂီ) မိသားစု(ဘီတီဘီ ကုမ္ပဏီ)အလုံမြို့နယ်တို့က ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့အား နံနက်ပိုင်းတွင် ထမနဲ၊ ဆွမ်းဘောဇဉ်၊ ချိုချဉ်၊ သစ်သီး၊ ပန်း၊ ဆီမီးတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းများလောင်းလှူ၍ ဆွမ်းဘောဇဉ်ဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးခြင်းများပြုမည်ဖြစ်ကြောင်းသိရသည်။ **(၄၁၂)**

သုဝဏ္ဏ အထက ပညာရေးစုံညီပွဲတော်၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းက ပထမတန်းမှ မြန်မာစာထူးချွန်ဆုရ မဆုရည်မွန်သိန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ

တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်နှစ်ပါး၊ တိပိဋကဓရ အရှင်မြတ်တစ်ပါးပေါ်ထွန်း

ရန်ကုန် ဇန်နဝါရီ ၃၁

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ် (၁၉၄၈)ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ (၅၅)နှစ်တာကာလအတွင်း ပိဋကသုံးပုံ အာဂုံ+ရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် ကိုးပါး၊ တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်သုံးပါး ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၈-၁၂-၂၀၀၃ ရက်မှ၂၇-၁-၂၀၀၄ ရက်အထိ တစ်လတိုင်တိုင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဝိဇယ မင်္ဂလာ ဓမ္မသဘင်၌ ကျင်းပခဲ့သည်။ ယင်းစာမေးပွဲ၌ ပိဋကသုံးပုံကျမ်းစာ အသီးသီးအာဂုံအောင် ၆၅ပါး၊ သဘောရေးဖြေအောင် ၁၇ ပါး အောင်မြင်တော်မူကြရာ ယင်းတို့အနက် ပိဋကသုံးပုံအာဂုံ+ရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်နှစ်ပါးနှင့်ပိဋကသုံးပုံအာဂုံအောင် တိပိဋကဓရ အရှင်မြတ်တစ်ပါး ပေါ်ထွန်းခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သုန္ဒရ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကျောက်တိုင်ကျေးရွာခမည်းတော် ဦးသာဒွန်း၊ မယ်တော်ဒေါ်ခင်ဖွားတို့မှ ၁၃၁၇ ခုနှစ် ကဆုန်လဆန်း ၈ ရက် (သောကြာနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက်(၁၂)နှစ်အရွယ်တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့၊ မန်ကျည်းချိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒအထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့သည်။

သက်တော်(၁၉)နှစ်အရွယ် ၁၃၃၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်နေ့တွင် မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ တူးမောင်းကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြုလျက် ဦးသန်း၊ ဒေါ်ခင်လှ၊ ဦးအောင်သိန်း၊ ဒေါ်စိမ်းရည်၊ ဦးဝင်းမောင်၊ ဒေါ်ဖြူ စသည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးခြင်း

အရှင်သုန္ဒရသည် မကွေးတိုင်း မြိုင်မြို့ မန်ကျည်းချိုကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ အမရပူရမြို့ တူးမောင်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရ၊ ရန်ကုန်မြို့ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ စသည့်ပရိယတ္တိ အကျော်အမော်ဆရာတော်တို့အထံ၌ ပါဠိတော်အဋ္ဌကထာဋီကာပိဋကတ် ကျမ်းစာများကို သင်ယူဆည်းပူးခဲ့သည်။

အမြင့်ဆုံးအောင်မြင်ခဲ့သောစာမေးပွဲများ

အရှင်သုန္ဒရသည် ပထမပြန် ငယ်၊ လတ်၊ ကြီးစာမေးပွဲနှင့် ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးနှင့်တကွ အောင်မြင်သဖြင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၂၀၀၁ခုနှစ် (၅၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ပိဋကတ်သုံးပုံအာဂုံပြန်ဆိုအောင်မြင်သဖြင့် တိပိဋကဓရ ဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။

ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒသာသနာ့အာဇာနည်အရှင်မြတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်သုန္ဒရသည် ကျန်ရှိသော ပိဋကတ်သုံးပုံ ပါဠိအဘိဓမ္မာ ပိဋက(နောက်ပိုင်း)ကို ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာကျောင်းမှ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။

ယခုအခါ အရှင်သုန္ဒရသည် ပိဋကတ်သုံးပုံကို အာဂုံပြန်ဆိုရာ ရေးဖြေပါ ပြီးစီးအောင်မြင်သွားပြီဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲ လောကတွင် ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်အဖြစ် ပေါ်ထွန်းလာပြီဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်ကုန္ဒပါလ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ်၊ ရမ်းဗြဲ မြို့နယ်၊ မန်ကျည်းကျွန်းကျေးရွာ ခမည်းတော် ဦးငွေတင်အောင်-မယ်တော် ဒေါ်ပဲစိန်တို့မှ ၁၃၂၂ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်(တနင်္ဂနွေနေ့) တွင် ဖွားမြင်သောသားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရမ်းဗြဲမြို့နယ်၊ မန်ကျည်းကျွန်း မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တသာသနအထံ၌အဘွား ဒေါ်အေးမြဦးနှင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့သည်။

ဆရာတော်သည် ပဲခူးမြို့ မျက်နှာတော်ကျောင်းတိုက်ခဏ္ဍသိမ်၌ဆရာတော် ဘဒ္ဒန္တနာဂိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ပဲခူးမြို့ ဦးသိန်းအောင်-ဒေါ်မေမေခင် မိသားစု၊ ရန်ကုန်မြို့ သီဟသုဓမ္မမဏိဇောတဓရ ဆရာကြီးဦးကျော်မင်း မိသားစု၊ ဦးလှမြင့်-ဒေါ်အေးမြတ်မူမိသားစု၊ ဒေါက်တာစိုးလွင်-ဒေါ်ခင်မေတင့် မိသားစု၊ ဦးမောင်မောင်လွင်-ဒေါ်စိန်မိသားစု၊ ဦးထွန်းရင်ဦး-ဒေါ်စိန်ခိုင် မိသားစုစသည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးခြင်း

ဆရာတော်သည် ရမ်းဗြဲမြို့နယ် မန်ကျည်းကျွန်းဆရာတော် ဘဒ္ဒန္တသာသန၊ ပဲခူးမြို့ မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ မြောင်းမြမြို့ ပဋ္ဌာနတာရုံတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုမာရ၊ ဘဒ္ဒန္တနန္ဒ၊ စစ်ကိုင်းတောင်ရိုး မင်းကွန်းဓမ္မနာဒကျောင်းတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ဗန်းမော် ဆရာတော် ဘဒ္ဒန္တကုမာရ စသည့် ဆရာတော်တို့ထံ၌ ပါဠိတော်အဋ္ဌကထာဋီကာကျမ်းစာများကို သင်ယူဆည်းပူးခဲ့သည်။

အမြင့်ဆုံးအောင်မြင်ခဲ့သောစာမေးပွဲများ

အရှင်ကုန္ဒပါလသည် ပထမပြန် ငယ်၊ လတ်၊ကြီး စာမေးပွဲနှင့် ဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးနှင့်တကွ အောင်မြင်သဖြင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ် (၅၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ပိဋကတ်သုံးပုံ အာဂုံပြန်ဆိုအောင်မြင်သဖြင့် တိပိဋကဓရဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

ဧကာဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်ကုန္ဒပါလသည် ကျန်ရှိသော အဘိဓမ္မာပိဋက(နောက်ပိုင်း)ကို ရန်ကုန်မြို့ စကားဝါလမ်း တိပိဋကနိကာယကျောင်းတော်မှ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည်။ ယခုအခါ အရှင်ကုန္ဒပါလသည် ပိဋကတ် သုံးပုံကိုအာဂုံပြန်ရေးရေးဖြေပါ အောင်မြင်ပြီးစီးသွားပြီဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲ လောကတွင် ဧကာဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ် အဖြစ်ပေါ်ထွန်းလာပြီဖြစ်သည်။

တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ အရှင်ကုန္ဒာစရိယ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

အရှင်ကုန္ဒာစရိယသည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မြူးတူးရွာခမည်းတော်ဦးဘိုဟန်-မယ်တော်ဒေါ်မြို့ကြည်တို့မှ ၁၃၂၆ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်(၂၇-၁၂-၆၄) တနင်္ဂနွေနေ့တွင် ဖွား မြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

အရှင်ကုန္ဒာစရိယသည် ၁၃၃၇ ခုနှစ် နယုန်လဆန်း ၁၁ ရက်(အင်္ဂါနေ့)တွင် မိုးကုတ်မြို့၊ မင်းတံတားရပ်နေ ဦးလေးဖြစ်သူဦးထွန်းရွှေ-ဒေါ်တင်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၄၆ ခုနှစ် နှောင်းတန်ခူးလဆုတ် ၇ရက်(ကြာသပတေးနေ့)တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ စက်မှုထူးချွန် တတိယဆင့် ဦးကျော်သန်း-ဒေါ်ငွေတင်မိသားစု၊ ဦးဝင်းရွှေ-ဒေါ်မြင့်ရီ မိသားစု၊ ဦးကျော်လွင်-ဒေါ်စန်းစန်းငွေမိသားစု စသည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးခြင်း

အရှင်ကုန္ဒာစရိယသည် ဘုတလင်မြို့နယ် သခွတ္တနယ်ရွာ ကျောင်းကြီးဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီ မုံရွာမြို့ ပဋ္ဌာနတာရုံ ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ ဆားလင်းကြီးမြို့နယ်၊ မိုင်းမြို့၊ ဝါးတန်းကျောင်းဆရာတော်ဘဒ္ဒန္တဉာဏိဿရ၊ စစ်ကိုင်းမြို့ ကြံခင်း ပဋ္ဌာနတာရုံ ဆရာတော် ဘဒ္ဒန္တ ဝိသုတ၊ ပုသိမ်ကြီးမြို့နယ် မြကန်သာရွာ မြကန်သာဆရာတော် ဘဒ္ဒန္တစန္ဒသီရိ၊ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသတို့ထံ၌ ပရိယတ္တိစာပေများကို လေ့လာသင်ယူခဲ့သည်။

အောင်မြင်ခဲ့သော ပရိယတ္တိစာမေးပွဲများ

အရှင်ကုန္ဒာစရိယသည် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူသဖြင့် သာသနဓဇဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ (၅၃)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းရေးဖြေကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

အရှင်ကုန္ဒာစရိယသည် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၃ ခုနှစ် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး၌ အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်းနှစ်ကျမ်းကို ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတော်မှ ဝင်ရောက် အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁-၂-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိစ္စသမုပ္ပါဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)"**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (ပထဝီဝင်) (ခ)ပထမနှစ် (မြန်မာမှုပညာ)
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ မြန်မာ့ရှုခင်း
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"**(အပိုင်း-၁၂)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ဆောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး"**(အပိုင်း-၂၃)
၁၈။ သင့်အတွက်မနက်ဖြန်

မြန်မာနိုင်ငံဗိသုကာအသင်းရွှေရတုသဘင်

ရန်ကုန် ဇန်နဝါရီ ၃၁

ဗိသုကာပညာဌာနကြီး တည်ထောင်ခဲ့သည်မှာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် နှစ်(၅၀)ပြည့်မည်ဖြစ်၍ ရွှေရတုသဘင်ကျင်းပရန်အတွက် မြန်မာနိုင်ငံရှိ ဗိသုကာများအား မိမိတို့၏လက်ရှိနေရပ် ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်များကို AMA အသင်းတိုက်တည်ရှိရာ အမှတ် ၄၉ ရေကျော်လမ်းသို့ ဖေဖော်ဝါရီ လကုန်နောက်ဆုံးထား ပေးပို့ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း မအူပင်စိုက်ပျိုးမွေးမြူရေးစခန်း စစ်ဆေး သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့နယ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော မအူပင်စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်ကုန်-ပုသိမ် လမ်းမကြီးနှင့် မဲဇလီ မလက်တိုလမ်း လမ်းဆုံ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မအူပင် စိုက်ပျိုးမွေးမြူရေးစခန်း ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်သို့ရောက်ရှိပြီး ဒေသထွက်ဆန်နှင့် ကုန်ပစ္စည်းများ၊ မအူပင်စိုက်ပျိုးမွေးမြူရေးစခန်းထွက် ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မဲဇလီ၊ မလက်တိုလမ်းအနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မအူပင် စိုက်ပျိုးမွေးမြူရေး စခန်းသို့ ရောက်ရှိရာ ရေနက်ကွင်းဒေသ စိုက်ပျိုး မွေးမြူရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုးက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား စခန်းတာဝန်ခံများက ငါးသားဖောက်စခန်း၌ သက်ဆိုင်ရာ စခန်းများအလိုက် လုပ်ငန်းများကို လိုက်လံပြသကြရာ **(အပေါ်ပုံ)** မြို့တော်ဝန်က ငါး၊ ပုစွန် မွေးမြူရေးကန်များ လုံခြုံမှု ရှိစေရေး၊ ကန်ပေါင်များပေါ်တွင် စားသုံးသီးနှံများ၊ ဟင်းသီး ဟင်းရွက်များ စိုက်ပျိုးထားရှိရေး၊ စနစ်တကျ ရှိစေရေးနှင့် သတ်မှတ်လျာထားချက်များ ပြည့်မီကျော်လွန်စေရန် စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေးပြီး စေတနာထား ကြိုးပမ်းဆောင်ရွက်ရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်တန်းမှသင်ကြားပေးလိုက်သော အတတ်ပညာများ လက်တွေ့နယ်ပယ်တွင် အကျိုးရှိအောင် အသုံးချဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ဇန်နဝါရီ ၂၉ရက် နံနက် ၈ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ကျင်းပသော အခြေခံအင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၅)၊ အိမ်တွင်းမှု အဆင့်မြင့်အပ်ချုပ်စက်သင်တန်း အမှတ်စဉ်(၅)၊ အိမ်တွင်းမှုသိုးမွေးထိုး အထူးသင်တန်း၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၉)နှင့် (၃၀)သင်တန်းများဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။(အောက်ပုံ)

ဒုတိယဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် မတူပီမြို့များတွင် ဖွင့်လှစ်မည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းများမှာ ဒေသနှင့်ကိုက်ညီသည့် သိုးမွေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သိုးမွေးထိုး အထူးသင်တန်း ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်၍ သင်တန်းမှ သင်ကြားပေးလိုက်သော အတတ်ပညာများအား လက်တွေ့ နယ်ပယ်တွင် အကျိုးရှိအောင် အသုံးချဆောင်ရွက်ရေး၊ အခြေခံရရှိမှုများအား ဆက်လက်လေ့လာ ဆည်းပူးလျက် အဆင့်မြင့်မြင့် တတ်ကျွမ်းအောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေရေးမှာကြားကာ အခြေခံအင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၅)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်မိုးမဉ္ဇူသင်း [(အငယ်တန်းအင်ဂျင်နီယာ-၂၊ စည်ပင်သာယာရေးဦးစီးဌာန၊ (ရုံးချုပ်)] အိမ်တွင်းမှု အဆင့်မြင့်အပ်ချုပ်စက်သင်တန်း အမှတ်စဉ်(၅)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်မိခင်ကြည် (လက်ထောက်နည်းပြ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း-မြဝတီ)၊ အိမ်တွင်းမှု သိုးမွေးထိုးအထူးသင်တန်းတွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်မြင့်မြင့်ထွေး (နည်းပြ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း-မင်းတပ်)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၉)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်စန္ဒာမော် (အကြီးတန်းစာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့-တောင်ကြီး)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၃၀)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်ဖြူဖြူစင် (စာရင်းကိုင်-၃၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့-မိုးကုတ်)နှင့် စာပေထူးချွန်ဆုရရှိသူ ဒေါ်မြတ်သဉ္ဇာထွန်း (အငယ်တန်းလက်နှိပ်စက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ -တိုက်ကြီး)တို့အား ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များအားသင်တန်းသား ခေါင်းဆောင်သို့ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် တာဝန်ရှိသူများသည် အိမ်တွင်းမှုသိုးမွေးထိုး အထူးသင်တန်းနှင့် အိမ်တွင်းမှုအဆင့်မြင့်စက်ချုပ်သင်တန်းတို့မှ သင်တန်းသူများ၊ သိုးမွေးထိုးစက်နှင့် အပ်ချုပ်စက် လေ့ကျင့်ချုပ်လုပ်ဆောင်ရွက်နေမှုများနှင့် ချုပ်လုပ်ပြီး အဝတ်အထည်များအား ကြည့်ရှုစစ်ဆေးလျက် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေပညာဂျာနယ် အတွဲ(၅)၊ အမှတ်(၂)စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

ရွှေနေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသော ဥပဒေပညာဂျာနယ် အတွဲ ၅၊ အမှတ်-၂ စာအုပ်ကို တစ်အုပ်လျှင် ကျပ်ခြောက်ရာနှုန်းဖြင့် ရွှေနေချုပ်ရုံးက ၂၀၀၄ခုနှစ်ဇန်နဝါရီလမှစ၍ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။**(ယာပုံ)**

အဆိုပါစာအုပ်များကို ရွှေနေချုပ်ရုံး ဥပဒေစာအုပ်အရောင်းဆိုင် စာပေဗိမာန်စာအုပ်ဆိုင်၊ အင်းဝစာအုပ်ဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

တစ်ဆုပ်ဆွမ်းဆန်လှူဒါန်းပွဲ ဖြူးဆရာတော်တရားဟောမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် တစ်ဆုပ်ဆန်လှူအသင်းကြီး၏ စတုတ္ထအကြိမ်မြောက် မြို့နယ်လုံးကျွတ် နှစ်ပတ်လည် တစ်ဆုပ်ဆွမ်းဆန်တော်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၏ ရေစက်ချ တရားပွဲကို ဖေဖော်ဝါရီ ၁ ရက် (တနင်္ဂနွေနေ့)ညတွင် မဟာစည်နယ်လှည့်ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ နရပတိ (ဖြူးဆရာတော်)သည် အမှတ် (၉)ရပ်ကွက် ဖားအံလမ်းထိပ် ဗဟိုမဏ္ဍပ်ရှိ ဓမ္မသဘင်ခန်းမ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကောင်းသန့်စာပေ အမှတ် ၂၀၉ (ပ-ထပ်/ယာ) ၃၈လမ်း (အထက်) ရန်ကုန်မြို့ ဖုန်း- ၇၂၂၀၅၃က ဖြန့်ချိသည့် ဒေါက်တာသိန်းလွင်၏ မိဘများအတွက် အရိပ်ပြ စကားလက်ဆောင်မွန်များ စာအုပ်မျက်နှာဖုံး။ (က-ပ)

ဂုဏ်ပြုလွှာပေးအပ်

ဇန်နဝါရီ ၂၃ရက်က ဒလမြို့နယ် ပညာရေးမိသားစု ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားတွင် ဆုရကျောင်းသားကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများလှူဒါန်းသော ဦးအောင်မျိုးခင် (J.H Kim)အား မြို့နယ်ပညာရေးမှူး ဦးသန်းလှိုင်က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြို့နယ်လုံးကျွတ် နှမ်းမနဲ့ထိုးပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် မြို့နယ်လုံးကျွတ် ပထမအကြိမ် နှမ်းမနဲ့ထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ၃ရက်တွင် ပရိယတ္တိမွှာရုံစံကျောင်း၌ ကျင်းပပြုလုပ်မည်ဟု သိရသည်။ **(က-ပ)**

ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့အတွင်းရှိ ချို့တဲ့နွမ်းပါးသော ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက်၁၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းက ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အဖွဲ့အဆင့်ဆင့် ဖွဲ့စည်းပုံများနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့က အဖျောက်မြို့ ဒေသအတွင်း ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူ ၂၉၆ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် အလှူငွေကျပ် ၂၉ သိန်း ခြောက်သောင်းကို ပေးအပ်ရာ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းနှင့် တိုင်းပညာရေးမှူး ဦးစန်းဝင်းတို့က အသီးသီး လက်ခံရယူကြသည်။

ပေးအပ်

ထို့နောက် ဒေသတွင်း ချို့တဲ့ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့မှတစ်ဆင့် ရန်ကုန်မြို့ရှိ ယူနီကာလာစာအုပ်ဆိုင်၊ ရတနာပုံစာအုပ်ဆိုင်၊ ခြင်္သေ့ကမ္ဘာ စာရေးကိရိယာနှင့် ကျားကမ္ဘာ စာရေးကိရိယာဆိုင်များမှ ပေးပို့လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၁၇၀ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ထူးရော်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်တို့က အဖျောက် အထက်တန်းကျောင်းကျောင်းအုပ်ကြီး ဦးဝင်းသောင်းထံ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့နှစ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံဆရာဝန် အသင်းခန်းမ(အေ)၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များ ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးသို့ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် နာယကကြီးများ၊ အကြံပေးပုဂ္ဂိုလ် ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆရာဝန် အသင်း ဗဟိုဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးမြင့်နှင့် အမှုဆောင်များ၊ အမျိုးသမီးဆရာဝန်များအဖွဲ့ အဖွဲ့ဝင် ဆရာဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန် အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန် များအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဒေါက်တာ ဒေါ်ရီရီလှက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အထွေထွေအတွင်း ရေးမှူး ဒေါက်တာဒေါ်ခင်မာအေးက လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဘဏ္ဍာ ရေး ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာ ရေးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်သန်း ကလည်းကောင်း ဖတ်ကြားတင်ပြကာ အတည်ပြုကြသည်။

အမှုဆောင်သစ်ရွေးချယ်

ဆက်လက်၍ ၂၀၀၂–၂၀၀၃ ခုနှစ် အမှုဆောင်ဟောင်းများနုတ်ထွက်ကြောင်း ကြေညာပြီး ၂၀၀၄–၂၀၀၅ ခုနှစ် အတွက် အမှုဆောင်အသစ်ကို ရွေး ချယ်ရန်အတွက် ယာယီ သဘာပတိ အဖြစ် ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား ရွေးချယ်ကြသည်။

ထို့နောက် သဘာပတိ ဦးဆောင် နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားပြီး ၂၀၀၄– ၂၀၀၅ ခုနှစ်အတွက် ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင် သော နာယကအဖွဲ့ဝင်ရှစ်ဦးနှင့် အမှု ဆောင် ၁၅ ဦးတို့အား ရွေးချယ်တင် မြှောက်ကြသည်။

၂၀၀၄–၂၀၀၅ ခုနှစ်အတွက် ရွေး ချယ်ခြင်းခံရသော အမျိုးသမီး ဆရာ ဝန်များအဖွဲ့ဥက္ကဋ္ဌအသစ် ဒေါက်တာ ဒေါ်ခင်လေးကြီး **(အောက်ပုံ)** က နှုတ် ခွန်းဆက်စကား ပြောကြားပြီး အခမ်း အနားကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော်အကြိုရက်ဖြစ်သည့် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီမှ စတင်၍ အနယ်နယ်အရပ်ရပ်ရှိ ခြင်းအလှခတ် ၁၆၈ ဖွဲ့တို့က ခြင်းအလှခတ်ကစား၍လည်းကောင်း၊ ဗုဒ္ဓပူဇနီယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ရှစ်မြို့နယ်နှင့် မထသတို့ စုစုပေါင်း အဖွဲ့ကိုးဖွဲ့ ပါဝင် ယှဉ်ပြိုင်မည့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဝတ်အသင်းအဖွဲ့တို့၏ ဝတ်ရွတ်ပူဇော်ပွဲကို ပွဲတော်ရက်များဖြစ်သည့် ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ည ၇ နာရီ အထိ အလှည့်ကျဝတ်ရွတ်ပူဇော်၍လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၅ ရက် (တပို့တွဲလပြည့်နေ့) နံနက် ၆ နာရီတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ ဆွမ်းတော်ကြီးများ ကပ်လှူ၍ လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် ဆရာတော် သံဃာတော် ၄၅ ပါးတို့ထံမှ သီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော် နာယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်သွန်းချအမျှပေးဝေခြင်း၊ သံဃာတော် အပါး ၅၀၀ တို့အား ဆွမ်းသပိတ်များဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ကို ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးထပ်ကျောင်းဆောင် ပန္နက်တင်

ရန်ကုန် ဇန်နဝါရီ ၃၁

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် မြင်သာမြို့ဦး ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညာဓာရ ဦးဆောင် ၍ ဇန်နဝါရီ ၂၈ ရက်က ယင်းကျောင်း ဝင်းအတွင်း သုံးထပ်ကျောင်းဆောင် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ ကြောင်း သိရသည်။ (၁၉၂)

စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊အမှတ်(၃)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာ ခင်မောင်ညို၊ ဦးကျော်အေး၊ ဦးဟန်ထွန်း တို့၏ စီးပွားရေးရာဆောင်းပါးများနှင့် အတူ သုတ၊ရသဆောင်းပါးများနှင့် ဝေဝေဆာဆာဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၃) ကို အမှတ် ၃၈၊ လမ်း ၃၀ (အောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(အပေါ်ပုံ) (က–ပ)

မြန်မာအကြောင်းသိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့်ကိုယ်စားလှယ်များ တာချီလိတ်၊ ကျိုင်းတုံ၊ ပူတာအိုနှင့် မြစ်ကြီးနားမြို့များသို့ သွားရောက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး၊ ကုလသမဂ္ဂကလေးများနှင့် ပညာရေးရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် အငြိမ်းစားသံအမတ်ကြီးများ၊ ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ လာအို၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အမေရိကန်ပြည်ထောင်စု၊ ဗီယက်နမ်နိုင်ငံတို့မှ သုတေသန ကျွမ်းကျင်ပညာရှင်များ၊ စာတမ်းရှင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဇန်နဝါရီ ၂၉ ရက်နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်လေဆိပ်သို့ရောက်ရှိရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ကို သွားရောက်ကြည်ညို၍ ရင်ပြင်တော် ပေါ်မှနေ၍ တာချီလိတ်မြို့ရှုခင်းကို ကြည့်ရှု စစ်ဆေးပြီး ဘုရင့်နောင် မင်းတရားကြီး၏ရုပ်တုကိုကြည့်ရှုကာ စုပေါင်း အမှတ်တရ ဓာတ်ပုံရိုက်ကြ သည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ တာချီလိတ်နှင့် မယ်ဆိုင် ချစ်ကြည်ရေးတံတားကို လည်းကောင်း၊ တံတားအနီးရှိ တာလော့ဈေးနှင့် ဘိန်းအစားထိုးစိုက်ပျိုး မွေးမြူရေးစခန်းတို့ကို လည်းကောင်း သွားရောက်ကြည့်ရှု လေ့လာကြသည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့ သည် မော်တော်ယာဉ်များဖြင့် တာချီလိတ်မြို့ မှ ကျိုင်းတုံမြို့သို့ထွက်ခွာပြီး ကျိုင်းတုံမြို့ မိုင်းဇင်းမွေးမြူရေးခြံကို ကြည့်ရှုလေ့လာရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် များ၊ စခန်းမွေးမြူရေးတာဝန်ခံများက ရုပ်သေဆလိုက်များဖြင့် ရှင်းလင်းပြသ သည်။

ထို့နောက် ကျိုင်းတုံမြို့ ပြည်သူ့ ဆေးရုံသို့ သွားရောက်ကြည့်ရှုကြရာ တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံ ရှင်း လင်း ပြသကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်အဖွဲ့သည် ညပိုင်းတွင် ကျိုင်းတုံဟိုတယ်ခန်းမ၌ လေ့လာရေး ခရီးနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်း ကြပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြရာ ဒေသခံတိုင်းရင်း သား တိုင်းရင်းသူများက ရိုးရာတေး သီချင်းများ အတီးအမှုတ်အကများဖြင့် ဖြေဖျော်ကြသည်။

ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ် များဖြင့် စံပြအခါရွာ ရက်ကန်းသင် တန်းကျောင်း၊ ကျိုင်းတုံဒီဂရီကောလိပ်၊ ရုပ်တော်မူဘုရား၊ သစ်တပင်တောင်နှင့် တည်ဆောက်ဆဲတက္ကသိုလ် ကောလိပ် များသို့ သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံလေဆိပ်မှ မြစ်ကြီးနား လေဆိပ်သို့အထူးလေယာဉ်ဖြင့်ရောက်ရှိ လာရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များက ကြိုဆိုကြ သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အထူးလေယာဉ်ဖြင့် မြစ်ကြီးနား လေဆိပ်မှ ပူတာအိုလေဆိပ်သို့ ဆက် လက်ထွက်ခွာရာ ပူတာအိုလေဆိပ်တွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုးနှင့် ဌာန ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသခံ တိုင်းရင်းသားတိုင်းရင်းသူများက ရိုးရာ အတီးအမှုတ်အကများဖြင့် ကြိုဆိုကြ သည်။

ရှင်းလင်းပြသ

ထို့နောက် ပူတာအိုမြို့ ဧည့်ရိပ်သာ တွင် ခေတ္တရပ်နားပြီး ဧည့်ရိပ်သာ အပေါ်မှ ပူတာအိုမြို့ပတ်ဝန်းကျင်နှင့် ခါကာဘိုရာဇီ ရေခဲတောင်၏ ရှုခင်း အလှတို့ကို ကြည့်ရှုလေ့လာပြီး မော်တော်ယာဉ်များဖြင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် သဘာဝဝန်းကျင် ထိန်းသိမ်းရေး ပညာပေးပြခန်းတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူ များက ရှင်းလင်းပြသသည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့ သည် မော်တော်ယာဉ်များဖြင့် မူလာရှီးကျေးရွာသို့သွားရောက်ကာ မူလာရှီ ဒီးကြိုးတံတားကို လည်းကောင်း၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ များ၏ရိုးရာအတီးအမှုတ်အကများ၊ ဒေသထွက်ကုန် ရိုးရာအဝတ်အစား များ၊ အသီးအနှံများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

၎င်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပူတာအိုလေဆိပ်မှ မြစ်ကြီးနားလေဆိပ်သို့ ထွက်ခွာပြီး ခေတ္တရပ်နားရာ မြစ်ကြီးနားလေဆိပ် တွင် ကချင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၏ ဂုဏ်ပြုလက်ဆောင်များကို တိုင်းမှူး ကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းက ဝန်ကြီးနှင့်အဖွဲ့အား အမှတ် တရ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပူတာအိုလေဆိပ်မှ ထွက်ခွာရာ ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ ညနေ ၅ နာရီတွင် ပြန်လည်ရောက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော "မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ"သို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များ ကျိုင်းတုံမြို့ စံပြအခါရွာရှိ ရက်ကန်းသင်တန်းကျောင်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ အကြိမ် (၁၁၀)မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ L.L.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုကျောင်း(ဂ)မိုင် မရမ်းကုန်း(ရန်ကုန်) အာစရိယပူဇော်ပွဲကျင်းပမည်

(ယခင်)ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ၂၀၀၄ ခုနှစ် (ပြည်ထောင်စုနေ့) ၁၂–၂–၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆ လမ်း အမှတ် ၂၄(ဒီ) ဆရာကြီး ဦးတိုးအောင်၏နေအိမ်၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်ကြွရောက်ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ရေးအတွက် ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း–၅၅၈၆၇၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း–၆၄၂၁၅၅၊ ဦးအေးဖေ ဖုန်း–၂၈၁၃၄၇၊ ဦးထွန်းမြင့် ဖုန်း–၂၄၄၃၂၇၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁ နှင့် ဦးဝင်းကြည် ဖုန်း–၅၇၃၁၉၀၊ ၂၄၁၇၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမှတ်(၂၁၈)၊ မေခါဝီလမ်းမကြီး၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့နေ
(ဗိုလ်မှူးသိန်းဆိုင်)–ဒေါ်ကြည်ကြည်ဆိုင်တို့၏ မြေး၊
ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး
ဒုတိယဗိုလ်မှူးကြီးတင်ထွန်း–ဒေါ်ခင်နွယ်အေး
တို့၏ သားကြီး

မောင်သီဟဝင်းမော် B.Sc (Maths) Qualified

(အေးငြိမ်းချမ်းသာမင်္ဂလာဝန်ဆောင်မှုလုပ်ငန်း နှင့် အေးငြိမ်းချမ်းသာထီဂေဟာ)

နှင့်

အမှတ်(၆)၊ စံပယ်လမ်း၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ
ဦးကျော်ညွန့် (မန်နေဂျင်းဒါရိုက်တာ၊ ပြည့်စုံညွန့်ကုမ္ပဏီလီမိတက်နှင့်
အဏ္ဏဝါရှစ်ပင်းကုမ္ပဏီလီမိတက်)–ဒေါ်သန်းမြင့်
တို့၏ သမီးငယ်

မစုနန္ဒာကျော် (ဝိုင်းဝိုင်း)

B.Sc (Maths), Diploma in Business Studies

(ဒါရိုက်တာ၊ ပြည့်စုံညွန့်ကုမ္ပဏီလီမိတက်)

တို့သည် ၃၁–၁–၂၀၀၄ ရက်နေ့တွင် နှစ်ဖက်သော မိဘ ဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်သီဟဝင်းမော်–မစုနန္ဒာကျော်။



နည်းပညာဆိုင်ရာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၄ပြပွဲ ဒသမနေ့ဖြစ်သည့် ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ် MICT Parkရှိ Conference Hall ၌ Myanmar Information Technology Pte., Ltd.နှင့် Queen Star Computer Centerတို့ ပူးပေါင်းဖွင့်လှစ်သော Myanmar Professional Education Center က ကြီးမှူးကျင်းပသည့် Education for ICT Professional Seminarကို ကျင်းပရာ ကွန်ပျူတာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် စိတ်ပါဝင်စားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar Information Technology (MIT)မှ ဒါရိုက်တာ ဦးအောင်စိုးသာက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Myanmar Information Technology မှ ဒါရိုက်တာ ဦးရဲသူရသက်**(အပေါ်ပုံ)**က Software Engineering and Management အကြောင်းကိုလည်းကောင်း၊ ဒါရိုက်တာ ဦးအောင်စိုးသာက System and Database Administration အကြောင်းကိုလည်းကောင်း၊ Myanmar Information Technology မှ လက်ထောက် အထွေထွေ မန်နေဂျာ ဦးနေလင်းသန်းက Oracle Database Administration Certification အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် Total Quality Management Department မှ အထွေထွေမန်နေဂျာ ဒေါ်မြင့်မြင့်စိုးက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

● *ပြည်ပသွင်းကုန်မှ*

ကုန်စည်ပြပွဲ–၂၀၀၄ တွင် ခင်းကျင်းပြသထားသည့် ပြခန်းကုမ္ပဏီများကို မြန်မာ့အလင်းကမေးမြန်းရာ ရှေးဦးစွာ Crony Connercial Co., Ltd.မှ အရောင်းမန်နေဂျာ ဒေါ်သီတာမြင့်က ပြောကြားရာတွင် အများပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူ သောက်သုံးနိုင်ရန်အတွက် အောင်းလ်တီးမစ်နှင့် Negresco ကော်ဖီမစ်တို့ကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အောင်းလ်တီးမစ်မှာ လက်ဖက်ရည်ကြိုက်သူများအတွက် ကျဆိမ့်အရသာရှိအောင်ထုတ်လုပ်ထားပြီး Negresco ကော်ဖီမစ် အရသာကို ချိုခါးအရသာရှိအောင် ထုတ်လုပ်ထားကြောင်း၊ ၎င်းကုန်ပစ္စည်းများကို လှိုင်သာယာစက်မှုဇုန်မှ ထုတ်လုပ်ကာ မြန်မာပြည်အနှံ့ရှိ စီးတီးမတ်များ၊ ကုန်တိုက်ကြီးများနှင့် စတိုးဆိုင်များမှာ ဝယ်ယူရရှိနိုင်ကြောင်း၊ အထူးသဖြင့် မူဆယ်၊ ဘားအံ၊ မြဝတီမြို့များမှ အထူး ဝယ်ယူအားပေးနေကြောင်း ပြောကြားသည်။

ထို့နောက် အာလူးကို ပုံစံအမျိုးမျိုးဖြင့် အရသာရှိအောင်ထုတ်လုပ် နေသည့် Capital Myanmar Co., Ltd.မှ မခင်အေးသီက ပြောကြားရာတွင် "နည်းပညာများကို အသုံးချ၍ စားသောက်ကုန်များကို အဆင့်မြင့်မြင့်ထုတ်လုပ်ထားကြောင်း၊ တန်ဖိုးနည်းပစ္စည်းများကို တန်ဖိုးရှိအဆင့်မြင့်ထုတ်လုပ်နိုင်သဖြင့် ပြည်ပသွင်းကုန် ပစ္စည်းများ အစားထိုးနိုင်ကြောင်း၊ ၎င်း၏ ကုမ္ပဏီမှ အာလူးကို ထောပတ်အရသာ၊ ကြက်သားအရသာ၊ ကြက်သွန်ဖြူ အရသာ၊ ချိစ်အရသာတို့ဖြင့် ကိုလက်စထရောမပါဘဲ ထုတ်လုပ်ထား၍ ပြည်သူများအတွက် ကျန်းမာရေးနှင့်အညီ စားသုံးနိုင်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ လက်ဖက်ကြိုက်သူများအတွက် လုံမေဇယန်းလက်ဖက်နှင့် အကြော်စုံကို ထုတ်လုပ်ရောင်းချလျက်ရှိသည့် ကိုမောင်– မခိုင်သက်တို့အား မေးမြန်းရာ "လက်ဖက်နှင့်အကြော်စုံများကို အဆင့်မြင့်မြင့် ထုပ်ပိုး၍ အမှတ် ၉၁ သံလွင်လမ်း ဗဟန်းမြို့နယ်မှ အမျိုးအမည်ပေါင်း ၂၆ မျိုးကို ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချနေကြောင်း၊ အရည်အသွေးကို ဦးစားပေး ထုတ်လုပ်ခြင်းဖြစ်၍ စားသုံးသူများအတွက် တန်ဖိုးနှင့် ညီမျှသော ပစ္စည်းကိုရနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ပြည်ပပို့ကုန်အဖြစ် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ အထိတင်ပို့နိုင်၍ ထိုနိုင်ငံများမှ အထူးအားပေးမှုကို ရရှိလျက်ရှိကြောင်း" ပြောကြားသည်။

တစ်ဖန်လုပ်ငန်းများအောင်မြင်ရေးအတွက် အဓိကအခန်းကဏ္ဍမှ အရေးပါလှသည့် Millennium Marketing & Advertising မှ ကိုမိုးဇော်အောင်အား မေးမြန်းရာ တီဗွီကြော်ငြာ၊ FM ရေဒီယိုကြော်ငြာတို့ကို ဒီဇိုင်းပုံအမျိုးမျိုး ထုတ်လုပ် ပေးခြင်းများ၊ အကြံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် Trade Fair ပြခန်းကြီးများကိုလည်း အဆင့်မြင့် ပြခန်းကြီးများဖြစ်အောင် ပြည်သူအများ စိတ်ဝင်စားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယမန်နှစ်က ၎င်းစီစဉ်သည့် Dagon Win Win Co.,Ltd. က ကုမ္ပဏီပြခန်း ပထမဆုကို ရရှိခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲသို့ ကုမ္ပဏီ ၄၀ ခန့်က ပြခန်းပေါင်း ၈၀ ကို ပြသထားပြီး အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ် ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန် ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်း အမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်း အမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်း အမျိုးမျိုး၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစား စက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း အမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းများကို ခင်းကျင်းပြသထားသည်။

ပြပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဥာဏ်ဝင်းစာပေ

မင်းသိခ

သူတော်စင်မလေးဝုဏ္ဏာရိတ

ထွက်ပြီ

မြန်မာ့ရုပ်မြင်သံကြား

၁–၂–၂၀၀၄(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာစေဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း–၁၂)
၁၂:၂၀ ၅။ Milo Success in Soccer
၁၂:၃၀ ၆။ မြန်မာရုပ်ရှင် **"နော်ရင်မွေး"** စိုးသူ၊ နေအောင်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ခင်ဇာခြည်ကျော် (ဒါရိုက်တာ–အောင်စိုးဦး)
၁၄:၄၅ ၇။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
၁၇:၁၅ ၆။ (၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၀ ၇။ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲပြပွဲအကြောင်း သိကောင်းစရာများ
၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၁၀ ၁၂။ တေးဂီတအစီအစဉ်
၁၉:၂၀ ၁၃။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၃၅ ၁၄။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာ တို့ဝန်တာ **"ဖွံ့ဖြိုးမှုဝေ မနောမြေ"** (အပိုင်း–၁)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ Calcio Serie A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်

မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဖွင့်ပွဲကျင်းပ

မင်းဘူး ဇန်နဝါရီ ၂၆

မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် မန်းရွှေစက်တော်အထူးတံတား မုခ်ဦးရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ နှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အောက်စက်တော်ရာ တန်ဆောင်းတွင် မကွေးဆရာတော်နှင့် ဆရာတော်ကြီးများက ဦးဆောင်၍ ဘုရားကန်တော့ခြင်း၊ ပရိတ်တရားတော်များ ချီးမြှင့်တော်မူပြီး အောက်စက်တော်ရာသံချိုင့်အားတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက စက်ကြိုးဆွဲဖွင့်လှစ်သည်။

ရွှေသင်္ကန်းဆက်ကပ်

ထို့နောက် အထက်စက်တော်ရာတွင် မကွေးဆရာတော်နှင့် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်၍ အထက်စက်တော်ရာအား တိုင်းဥက္ကဋ္ဌကဖွင့်လှစ်ပေးပြီး ဆရာတော်ကြီးများနှင့် တိုင်းဥက္ကဋ္ဌ တို့က ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။

စည်ကားသိုက်မြိုက်စွာကျင်းပမည်

မန်းစက်တော်ရာဘုရားပွဲတော်အား (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

(၄၀၇)

မြေသားပြုပြင်မှုကွင်းဆင်းဆောင်ရွက်

ပန်းတောင်း ဇန်နဝါရီ ၁၀

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပန်းတောင်း-နတ်မောက် ကျေးလက် ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်းနေမှု၊ မြေသားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်း၊ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်နှင်းဝင်းခိုင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းအား လုပ်ငန်းကုန်ကျငွေ ၁၃၅၀၀၀၀ ဖြင့် အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နှင့် အမြင့်ကျေးရွာချင်းဆက်သွယ်သည့် ကျောက်ချောလမ်းဖောက်လုပ်နေမှုအခြေအနေအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်မြင့်မြင့်ကြည်က ဒီဇင်ဘာ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

(၁၀)ရက် တရားစခန်းပွဲ ကျင်းပမည်

မြင်းခြံ ဇန်နဝါရီ ၂၀

မြင်းခြံမြို့နယ် နတ်ကြိုတောရွာ ကျေးရွာနာယကဆရာတော်ကြီးများအား အမှူးထား၍ အလှူရှင်များ စုပေါင်း ကျင်းပသော တတိယအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းတွင် ရွှေခြံဓမ္မရိပ်သာ ဆရာတော် ဦးဇာဂရိယ (ဦးသေဝက-ကျောက်ဆည်)၊ဦးစိတ္တရ (ပေါက်မြိုင်)၊ ဦးဝေပုလ္လ (ရွှေခြံ)နှင့် ဦးသဇ္ဇန (ရွှေခြံ) ဆရာတော်တို့က ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၁ ရက်က မကွေးမြို့နယ် နတ်ကန်ကျေးရွာတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် လေးလက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

လပွတ္တာ ဇန်နဝါရီ ၂၀

လပွတ္တာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထင်းပုံကွင်းကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဝေစီနှင့် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်တို့က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဆောင်းသီးနှံစုပေါင်းထွန်ယက်

အင်းတော် ဇန်နဝါရီ ၁၅

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီတို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အင်းတော် မြို့နယ်အတွင်း ၂၀၀၃-၂၀၀၄ခုနှစ် ဆောင်းသီးနှံ စုပေါင်းထွန်ယက်ပွဲများကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်က မော်လူးကျေးရွာတွင် ထွန်စက် ၃စီး၊ နွား ၅၀ ရှဉ်းဖြင့် ၂၅ ဧက၊ ကျောင်းကုန်းကျေးရွာတွင် နွား ၄၀ ရှဉ်းဖြင့် ဧက ၂၀၊ လယ်နောင်(နောင်မိုး)ကျေးရွာတွင် နွား ၅၀ ရှဉ်းဖြင့် ၂၅ ဧက၊ ကျွန်းတော(သုက္ခာ)ရွာတွင် နွား၄၅ရှဉ်းဖြင့် ဧက ၂၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ၃၀ ရက်က သက်ကယ်ကျင်းရွာတွင် နွား ၂၂၀ ရှဉ်းဖြင့် ဧက ၁၀၀ ၊ မော်တိတ်ရွာတွင် နွား ၅၀ ရှဉ်းဖြင့် ၂၅ ဧက၊ သုက္ခာရွာတွင် နွား ၅၀ရှဉ်းဖြင့်ဧက ၂၀ ကိုလည်းကောင်း စုပေါင်းထွန်ယက်ကြသည်။ (၁၃၃)

ဇန်နဝါရီ ၂၁ ရက်က မအူပင်မြို့နယ် အမှတ်(၂)ရပ်ကွက် ခိုင်စပါယ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်းလုပ်ငန်းကို မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့်လုပ်ငန်းခွင် အင်ဂျင်နီယာဦးကျော်ခိုင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ ပညာပေးဟောပြောပွဲ သီပေါတွင်ကျင်းပ

သီပေါ ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် စံဖိတ်ကျေးရွာအခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က နယ်လှည့်စာကြည့်တိုက်နှင့် ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အစီအစဉ်အရ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ကျရာ အခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်ညီလက်ညီ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရေးနှင့်ပြပွဲများခင်းကျင်းပြသရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျောင်းသားကျောင်းသူများဖတ်ရှုလေ့လာရန် စာအုပ်စာစောင်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းထွေးခမ်းထံ ပေးအပ်လှူဒါန်းသည်။ (၁၀၆)

ဇန်နဝါရီ ၄ ရက်က သနပ်ပင်မြို့နယ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကကြီးမှူး၍ ကလေးပြိုင်ပွဲကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြူးက ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

မီးသတ်စက် စွမ်းရည်ပြိုင်

ဇန်နဝါရီ ၂၄ ရက်က ဓနုဖြူမြို့နယ် မီးဘေးကြိုတင်တားဆီးရေးကော်မတီက ကြီးမှူးကျင်းပသော မီးသတ်စက်များ စွမ်းရည်ပြိုင်ပွဲကို ဓနုဖြူမြို့ မီးသတ်ဦးစီးဌာန အဆောက်အအုံရှေ့တွင် ကျင်းပစဉ်။

(မြို့နယ်မီးသတ်ဦးစီး)

ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် (၁၉) မူလတန်းကျောင်း မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမရရှိပြီး ဘာသာရပ် ထူးချွန်ဆုများ ရရှိသူ မောင်စိုးထွတ်အောင် အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေအင်းက ပညာရည်ချွန် ဆုချီးမြှင့်စဉ်။ (က–ပ)

အိုင်စီတီရက်သတ္တပတ်ဂုဏ်ပြု V.O.X Media Centre ဆော့ဖ်ဝဲထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာအိုင်စီတီရက်သတ္တပတ်ကို ဂုဏ်ပြုသောအားဖြင့် V.O.X Media Centre ဆော့ဖ်ဝဲကို Technonation Studio မှ တီထွင်၍ Myanmar Heritage Publications က ဖြန့်ချိသည့် ယင်းဆော့ဖ်ဝဲသည် ကွန်ပျူတာတွင် အသုံးပြုနိုင်သော Media Player ဖြစ်သည်။ ကွန်ပျူတာအသုံးပြု၍ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ဖြင့် သီချင်းဖွင့်ရန် စီဒီ၊ ဗွီစီဒီ၊ ဒီဗီဒီ များဖွင့်ရန် အသုံးပြုနိုင်သည်။ အင်တာ နက်တွင် ထုတ်လွှင့်နေသော Web radio Station များမှ ထုတ်လွှင့်နေမှု များကို အင်တာနက်ရှိရုံဖြင့် ဖမ်းယူ နိုင်သည်။ City FM အပါအဝင် မည်သည့် အင်တာနက် ရေဒီယိုအစီ အစဉ်ကိုမဆို အလွယ်တကူ ပြုပြင် ပြောင်းလဲ ရယူနိုင်သည်။ ယင်းဆော့ဖ်ဝဲနှင့်အတူ Bonus ဆော့ဖ်ဝဲများအဖြစ် V.O.X Organizer beta ဆော့ဖ်ဝဲနှင့် Cyber V.O.X III ဆော့ဖ်ဝဲများကို အခမဲ့ ထည့်သွင်းထားသည်။ အိုင်စီတီ ရက်သတ္တပတ်ပြပွဲတွင် KMD, Mr. ExE, Cyber Zone, Dagon Commumication, Miami, Millennium နှင့် ရန်ကုန်မြို့ရှိ ကွန်ပျူတာ စီဒီအရောင်းဆိုင်များတွင် ဝယ်ယူ ရရှိနိုင်သည်။ ယင်းဆော့ဖ်ဝဲသည် ၂၀၀၃ ခုနှစ် National ICT Award ဆု ရရှိထားသည့် ဆော့ဖ်ဝဲဖြစ်သည်။ (က–ပ)

ဇန်နဝါရီ ၂၉ ရက်က တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာ အသင်းနှစ်ပတ်လည်အစည်းအဝေး နှင့် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားတွင် အိန္ဒိယနိုင်ငံ ရှန်ကာ ပန်းချီငွေတံဆိပ်၊ နိုင်ငံ ကလေးပန်းချီ ဂုဏ်ပြုဆု၊ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗဟိုအဆင့် ကဗျာပထမနှင့် ကွန်ပျူတာပန်းချီပထမဆုရ နဝမတန်းမှ မောင်ရဲကိုကိုအောင်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စုက ဆုချီးမြှင့်စဉ်။ (က–ပ)

ဇန်နဝါရီ ၂၅ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထက (၂) ကျောင်းတွင် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့က ကျောင်းတွင်းဖွံ့ဖြိုးမှုအတွက် သုံးစွဲရန်ငွေကျပ် ဆယ်သိန်းကို ဘဏ္ဍာရေးမှူး ဒေါ်ဝင်းနွယ်နှင့် အဖွဲ့ဝင်ဦးစိုးမြင့်တို့က ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၉၂)

ခုနစ်ကုဋေပန်းပေါင်းဘုရားကြီးနှင့်ဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗာရာမဝိပဿနာကျောင်းတိုက်တွင် (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တတိက္ခဆရာတော်ကြီးတည်ထားကိုးကွယ်တော်မူခဲ့သော ခုနစ်ကုဋေပန်းပေါင်းဘုရားကြီးနှင့်ဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၅ ခု တပို့တွဲလဆန်း ၁၃၊၁၄၊၁၅ရက်တွင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၁

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာသင်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်းဓမ္မာရုံကြီး၌ကျင်းပသည်။

အခမ်းအနားတွင် အသက် ၇၅ နှစ်အထက် အသင်းဝင် အဘိုးအဘွား ၅၈ ဦးအား ကန်တော့ပစ္စည်းဖြင့် ပူဇော်ကန်တော့ခြင်း၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့အား ပညာရည်ချွန်ဆုနှင့် ကျောင်းသား ကျောင်းသူ ၁၃ ဦးအား ပညာသင်ဆုများ ချီးမြှင့်ခြင်း၊ ၂၀၀၃ ခုနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ (က–ပ)

ရွှေပြည်သာမြို့နယ်နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၃၁

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲများကို မြို့နယ်တွင်းရှိ ပညာရေးဌာနနှင့် ပူးပေါင်း၍ စာသင်ကျောင်းများတွင် ပြုလုပ်ရာ ဇန်နဝါရီ၁၃ရက်တွင် အမက(၁၇)၊ အမက(၁၉)၊ ၁၆ရက်တွင် အလက(၃)နှင့် အမက (၁၆)၊ ၂၀ရက်တွင် အမက(၂၅)မူလွန်၊ ၂၂ ရက်တွင် အထက(၁)၊ ၂၆ရက်တွင် အမက(၆)၊ ၂၇ရက်တွင် အလက(၁) နှင့် အထက(၂)တို့တွင် ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စာဖတ်ရခြင်း၏ အကျိုးရလဒ်ကောင်းများ အကြောင်း ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးအတွက် စက်များဖြင့်လေ့ကျင့်နိုင်

ရန်ကုန် ဇန်နဝါရီ ၃၁

စက်ပေါ် ၁၅ မိနစ် ရပ်ရုံဖြင့် လေးနာရီလမ်းလျှောက်ခြင်းနှင့် ညီမျှသည့် သွေးလည်ပတ်မှုကိုဖြစ်စေပြီး အဆီကျလိုသူများ တစ်လငါးပေါင်မှ ပေါင် ၂၀ အထိကျနိုင်သည့် Blood Circulation Device (BCD) စက်များဖြင့် ခြေလက်ထုံကျဉ်လေးလံ၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ကျီးပေါင်းနှင့်အာရုံကြော အားနည်းခြင်းများ အတွက် လေ့ကျင့်ပေးလျက်ရှိသည်။ ကျိုက္ကဆံလမ်း (သတိပဋ္ဌာန်လမ်းထိပ်)၊ အနော်ရထာလမ်း (၃၇) လမ်းထိပ် ရွှေတိဂုံဘုရားလမ်း (အောက်)၊ ကျိုက္ကဆံ ILBC အနီးသဃ်န်းကျွန်း၊ စမ်းချောင်းတို့ရှိ ငွေစင်ဦး ခန်းမများတွင် သွားရောက်လေ့ကျင့်နိုင်ပြီး ဖုန်း–၅၄၈၂၀၉၊ ၂၅၃၂၄၇၊ ၃၇၉၁၄၉၊ ၂၄၇၄၅၀နှင့် ၇၂၁၁၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်ချခြင်းနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

နိုင်ငံတော်၏ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ ပိုမိုစနစ်ကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအား အရင်းအမြစ် ကုမ္ပဏီ (MHR)မှ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဆုံးဖြတ်ချခြင်းနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုပညာ နှစ်လသင်တန်းကို ဇန်နဝါရီလ နောက်ဆုံးအပတ်မှ စပြီး ရုံးချိန်၊ကျောင်းချိန်ပြင်ပတွင် ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

MBA/ DMA အချိန်ပြည့် သင်တန်းများ တက်ရောက်ရန် မအားလပ်သည့် ဘဏ္ဍာရေး ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချပေးရသော အုပ်ချုပ်မှု ဒါရိုက်တာများ၊ ကုမ္ပဏီ ဒါရိုက်တာများနှင့် စီးပွားရေး လုပ်ငန်းရှင်များ၊ လုပ်ငန်းအသစ် သို့မဟုတ် လုပ်ငန်းပြောင်းရွှေ့ရင်းနှီးမြှုပ်နှံခြင်း ပြုလုပ်ရန် သင့်မသင့် ဆုံးဖြတ်မှု အတွက် အရင်းကြေကာလတွက်ချက်လိုသူများ၊ ရင်းနှီးမြှုပ်နှံမှု အပေါ် ပြန်ရချက် တွက်ချက်လိုသူများ၊ စတော့အိပ်(စ်)ချိန်း ပညာရပ်ကို စိတ်ဝင်စားနားလည်လိုသူများ၊ ကုမ္ပဏီ လုပ်ငန်းခွင်သို့ ကူးပြောင်းလိုသူ ရုံးဝန်ထမ်းများ၊အလုပ်စတင်ဝင်ရောက်တော့မည့် ဝိဇ္ဇာ၊သိပ္ပံဘွဲ့ရများ၊ Student Visa ဝင်ရန် အောင်လက်မှတ် အထောက်အထားလိုအပ်သူများ တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားသဖြင့် MHR၊ အခန်းအမှတ် ၉၀၅၊ ၉လွှာ အဆင့်မြင့် သံဈေးကွန်ဒိုလမ်းမတော်လမ်း ဖုန်း–၇၀၇၈၂၂သို့ အမြန်ဆုံးစာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဇန်နဝါရီ ၁၇ ရက်က စမ်းချောင်းမြို့နယ် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၂–၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမြသောင်းက သူငယ်တန်း ထူးချွန်ဆုရသူ မောင်ကောင်းမြတ်အား ဆုချီးမြှင့်စဉ်။ (က–ပ)

နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

"Y.E.S. Language Centre" မှ ကလေးများ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို အခြေခံကောင်းမွန်စေရန်နှင့် စနစ်တကျ တတ်မြောက်စေရန် ရည်ရွယ်၍ စတုတ္ထတန်းမှ နဝမတန်းအထိ ကျောင်းသားကျောင်းသူများအတွက် အင်္ဂလိပ် စကားပြောသင်တန်းများကို မတ်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရများ၊ အင်္ဂလိပ်စာကို လေ့လာလိုသူများအတွက် လစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English (B.S.E)သင်တန်းများကို ဇန်နဝါရီ ၂၆ ရက်နှင့် ၃၁ ရက်တွင် လည်းကောင်း၊ Pre-Intermediate English (P.I.E) သင်တန်းများကို ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ Grammar Foundation Course (G.F.C) နှင့် Vocabulary Enrichment Course (V.E.C) သင်တန်းများကို ဇန်နဝါရီ ၂၄ ရက်နှင့် ဆရာဦးမြင့်အောင် ကိုယ်တိုင်သင်ကြားသော Intermediate English (IE), Academic Writing Course (AWC), SAT(I), AE/SAT (II), TOEFL နှင့် IELTS သင်တန်းများကို ဇန်နဝါရီ ၂၆ ရက်နှင့် ၃၁ရက်များတွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ "Y.E.S. Language Centre" အမှတ်၁၁၉၊ Y.W.C.A အဆောက်အအုံ(ပထမထပ်) ဘိုကလေးဈေးလမ်း ဗိုလ် တ ထောင်မြို့နယ် ဖုန်း–၂၄၅၈၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

အလင်းရောင်တိုင်းရင်းဆေးများ ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများထုတ်လုပ်လျက်ရှိသော ဦးသန်းဆွေ၊ ဒေါ်မြို(အလင်းရောင်ဆေးတိုက်) မှ ဆရာဦးသန်းဆွေ အမှတ်တံဆိပ် အလင်းရောင်မျက်စိအားပေး အကြောပဒေသာစားဆေး၊ အလင်းရောင်မျက်စဉ်း ဆေးရည်၊ ဝမ်းပုပ်ချဆေးပြား၊ အညှော်ခံ အခိုးပွင့်ဆေးမှုန့်၊ အလင်းရောင်သွေးဆေး၊ ဝိပ္ပလိအစာကြေလျက်ဆား၊ မျက်စိအားတိုးဆေး၊ အစာကြေလေပုပ်ထုတ် ဆေးများကို ဦးစိုးတင့်(အလင်းရောင်ဆေးတိုက်)မှ အဆင့်မီစနစ်တကျ ထုတ်လုပ်မှုဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါ တိုင်းရင်းဆေးများကို အလင်းရောင်ဆေးတိုက်၊ အမှတ်၈/၃၉၅၊ မဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန် ဖုန်း–၆၉၉၈၉၉၊ ၆၉၉၂၃၆နှင့် အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က–ပ)

ဗျူတီမဂ္ဂဇင်း(၄)နှစ်ပြည့် ဖေဖော်ဝါရီလအထူးထုတ်ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၃၁

လူငယ်များအတွက် ဦးတည်ထုတ်ဝေသည့် ဗျူတီမဂ္ဂဇင်း (၄) နှစ်ပြည့် ဖေဖော်ဝါရီလ အထူးထုတ် ထွက်ရှိလာရာ ဂျူး၊ နေဝင်းမြင့် တို့၏ မျက်နှာဖုံးဆောင်းပါးများနှင့် အတူ လူငယ်များနှင့် ခေတ်အခြေအနေအား ဝိုင်းဝန်းဆွေးနွေးသုံးသပ်ထားကြသည့် ဖေမြင့်၊ ကိုတာ၊ ကျော်ဝင်း၊သန်းစိုးနိုင်နှင့် အောင်ပီကျယ်တို့၏ စကားဝိုင်းလည်းပါရှိကြောင်း သိရသည်။ထို့အပြင် ရာဇာနေဝင်း၏ ပွင့်ပွင့်လင်းလင်း အင်တာဗျူး၊ ထွန်းအိန္ဒြာဗို ၏ ဒိုင်ယာရီနှင့်အတူ Summer Walkers ဖက်ရှင်ကဏ္ဍ၊ A Day in Yangon ဓာတ်ပုံ ဖန်တီးမှုများနှင့် အခြားကဏ္ဍများလည်း ဝေဝေဆာဆာ ပါဝင်ထားသည်ဟု သိရသည်။ **(အပေါ်ပုံ) (က–ပ)**